# ကြေးမုံ
# The Mirror Daily

၁၉၅၇ ပြေီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ သောကြာနေ့။ Friday, 1 March 2024 ၁၁၃၈၇


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး ၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်း ရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာ စေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန် အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှု မရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရ အား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။



# ကျောက်ဆည်မြို့နယ်၌ နွေသီးနှံမျိုးစုံ ၄၁၆၈၇ ဧက စိုက်ပျိုးမည်

ကျောက်ဆည် ဖေဖော်ဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် ရေရရှိရေးနည်းလမ်းများအလိုက် နွေသီးနှံမျိုးစုံ ၄၁၆၈၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

**ထူးခြားသည့် ညအပူချိန်များ**

နေပြည်တော် ဖေဖော်ဝါရီ ၂၉

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | ၅ | ဒီဂရီစင်တီဂရိတ် | မိုင်းယန်း | ၈ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၈ | ဒီဂရီစင်တီဂရိတ် | ပြင်ဦးလွင် | ၈ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၈ | ဒီဂရီစင်တီဂရိတ် | တွန်းဇံ | ၉ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၈ | ဒီဂရီစင်တီဂရိတ် | မိုးကုတ် | ၉ | ဒီဂရီစင်တီဂရိတ် |

# ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး နိုင်ငံများတွင် မြန်မာနိုင်ငံက အဆင့်(၈)နေရာတွင် ရပ်တည်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

ယခု ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် ကမ္ဘာ့ ဆန်တင်ပို့မှု အများဆုံး ၁၀ နိုင်ငံ စာရင်းတွင် မြန်မာနိုင်ငံမှ ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံး အဆင့် (၈)နေရာတွင်ရှိကြောင်း Seasia Stats သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

**နှစ်စဉ် ဆန်တန်ချိန်**
**၂ ဒသမ ၁ သန်း တင်ပို့လျက်ရှိ**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပြည်ပနိုင်ငံများသို့ နှစ်စဉ် ဆန်တန်ချိန် ၂ ဒသမ ၁ သန်းတင်ပို့လျက်ရှိရာ နှစ်စဉ် အမေရိကန် ဒေါ်လာသန်း ၇၀၀ ကျော်၊ သန်း ၈၀၀ နီးပါး ရရှိလျက်ရှိပြီးယခုဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံ များသို့ဆန်တင်ပို့မှုလျော့နည်းသွားသော်လည်း တင်ပို့သည့်ဆန်များမှာ ပြည်ပနိုင်ငံများတွင် ဈေးနှုန်းမြင့်တက်နေသည့် အတွက်ကြောင့် ဝင်ငွေရရှိမှုလျော့နည်းမသွားကြောင်း၊ ယခု ဘဏ္ဍာနှစ် ၁၀ လတာကာလ အတွင်း ဆန်နှင့် ဆန်ကွဲ တင်ပို့မှုသည် ဝင်ငွေအားဖြင့် အမေရိကန် ဒေါ်လာ ၅၇၄ သန်းရရှိခဲ့ကြောင်း မြန်မာနိုင်ငံ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**




**ယနေ့ ဖတ်စရာ**

**သန်းခေါင်စာရင်းကောက်တဲ့အချိန်မှာ အိမ်ထောင်စုတွေမှာ နေထိုင်သူတွေကို မေးခွန်းပေါင်း ၆၈ ချက် မေးမြန်းမယ်။ အဖွဲ့အစည်းတွေမှာ နေထိုင်သူတွေကိုတော့ မေးခွန်းပေါင်း ၁၈ ချက် မေးမြန်းမယ်။ သန်းခေါင်စာရင်းကို** Computer Assisted Personnel Interviewing (CAPI) **စနစ်နဲ့** Mobile Tablet **ထဲမှာ မေးခွန်းတွေကို ဖြည့်သွင်းပြီး စာရင်းကောက်ယူမှာ ဖြစ်တယ်**

ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် Website မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၉

**တိုကျိုမြို့ရှိ မြေအောက်ရထား ဘူတာရုံတစ်ရုံ၌ အကြားအာရုံချို့တဲ့ သည့် ခရီးသည်များအတွက် ဘာသာပြန်နည်းပညာ စတင်သုံးစွဲ**

စာမျက်နှာ » ၁၃



**ကမ္ဘာတည်သရွေ့အားထား မြန်မာ့တောင်သူလယ်သမား**

ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးမူဝါဒများ ကြိုးပမ်းကျင့်သုံး

မြန်မာနိုင်ငံတွင် လူမှုစီးပွားဘဝအတွက် အသုံးပြုနေသော မော်တော်ယာဉ်များ သန်းနှင့်ချီ၍ရှိနေသည်။ အဆိုပါယာဉ်များ မောင်းနှင်အသုံးပြုနိုင်ရန်အတွက် လောင်စာဆီနှင့် အဆိုပါယာဉ်များမှ ပေါ်ထွက်လာသော အပူစွမ်းအားနှင့် ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှုပြဿနာများသည် ရေရှည်တွင် ကြီးမားသည့်စိန်ခေါ်မှုများအဖြစ် ပေါ်ထွက်နေပြီဖြစ်သည်။ ထို့ကြောင့် လောင်စာဆီအစားထိုးအသုံးပြုမှုကို မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီက နိုင်ငံတော်တွင် အခြားနိုင်ငံများနည်းတူ EV ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၃၀ ပြည့်နှစ်အထိ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ EV ယာဉ်အသုံးပြုမှုမြင့်တက်လာပါက ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အထောက်အကူပြုစေပြီး ရုပ်ကြွင်းလောင်စာအပေါ် မှီခိုရမှု၊ စက်သုံးဆီအတွက် နိုင်ငံခြားသုံးငွေ ကုန်ကျစရိတ်များနှင့် ပြည်သူများအဖို့ စက်သုံးဆီသုံးစွဲရမှု ကုန်ကျစရိတ်များကို လျှော့ချနိုင်မည်ဖြစ်သည်။

ထို့ပြင် မျက်မှောက်ကာလ၌ ရာသီဥတုပြောင်းလဲလာမှုကြောင့် အစွန်းထွက်ရာသီဥတုများ ဖြစ်ပေါ်လျက်ရှိရာ ယခုကာလ၌ အယ်လ်နီညိုကဲ့သို့ အလွန်ပူပြင်းသော ရာသီဥတုဖြစ်ပေါ်ချိန်၌ သုံးစွဲမှုမြင့်မားလာသည့် စက်သုံးဆီ အပူစွမ်းအားများကြောင့် သက်ရှိလူသတ္တဝါများနှင့် သဘာဝပတ်ဝန်းကျင်ကိုပါ ကြီးမားသောထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ထိုအချိန်တွင် မူဝါဒများကို လိုက်လျောညီထွေ ပြောင်းလဲကျင့်သုံးသဖြင့် ကုန်ကျစရိတ်များ သက်သာလာစေသည့်အပြင် နိုင်ငံအတွင်းရှိ မြို့ကြီးများ၌ လေထုအရည်အသွေး အညွှန်းကိန်းများကို မြင့်မားစေပြီး ပြည်သူများအတွက် သန့်ရှင်းသောလေထုမှတစ်ဆင့် ကျန်းမာရေးကောင်းမွန်စေသည့် ဆုလာဘ်များကိုပါ တစ်ပါတည်း ရရှိစေမည်ဖြစ်သည်။

လောကတွင် အကောင်းနှင့်အဆိုးတို့သည် ဒွန်တွဲဖြစ်ပေါ်လေ့ရှိရာ EV ကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ EV ဘက်ထရီ စွန့်ပစ်ပစ္စည်းများမှ အန္တရာယ်များ ရှိလာမည်ဖြစ်သည်။ ရေရှည်တွင် အကျိုးစီးပွားဖြစ်ထွန်းရေးကို မထိခိုက်စေရန် မျှော်မှန်း၍ ဘက်ထရီများကို စွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်းမှ ဖြစ်ပေါ်လာစေသော သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို ဖြေရှင်းရန်မူဝါဒများ၊ လုပ်ငန်းစဉ်များ ရေးဆွဲထားရန်လိုအပ်မည်ဖြစ်သည်။ ယခုအခါ EV မော်တော်ယာဉ်များကို ပြည်ပမှတင်သွင်းလျက်ရှိပြီး လိုအပ်သည့် ဘက်ထရီများကိုလည်း ပြည်ပမှ ဆက်လက်တင်သွင်းရဦးမည်ဖြစ်သည်။

ဘက်ထရီထုတ်လုပ်ရေးအတွက် သုံးစွဲရသည့် သယံဇာတအရင်းအမြစ်များသည် အကန့်အသတ်ရှိသဖြင့် အချိန်မတိုင်မီ စွန့်ပစ်ခြင်းမှ ကြိုတင်ကာကွယ်မှု၊ ပထမသက်တမ်းတွင် EV အတွက် အသုံးပြုပြီး ဘက်ထရီဆဲလ်များကို ဒုတိယသက်တမ်းတွင် ပြန်ပြည့်မြဲစွမ်းအင်စနစ်များနှင့် လျှပ်စစ်ဓာတ်အားစနစ်ရှိ စွမ်းအင်သိုလှောင်စနစ်များအတွက် ပြန်လည်အသုံးပြုခြင်း၊ ဘက်ထရီများရှိ အဖိုးတန်ဓာတ်သတ္တုပစ္စည်းများကို ပြန်လည်ထုတ်ယူအသုံးချခြင်း၊ ပြန်ရယူခြင်း၊ ဘက်ထရီများရှိ အဖိုးတန်ပစ္စည်းများ လုံးဝကုန်ဆုံးချိန်မှသာ စွန့်ပစ်ခြင်းတို့အတွက် လုပ်ငန်းစဉ်များအလိုက် စည်းမျဉ်း၊ စည်းကမ်းနှင့် လိုက်နာရမည့်အချက်များကို ရေးဆွဲထားရန် လိုအပ်မည်ဖြစ်သည်။

စနစ်တကျ ချမှတ်ထားသော မူဝါဒတစ်ခုသည် ဘက်ထရီစွန့်ပစ်ခြင်းနှင့် ဆက်စပ်နေသော သဘာဝပတ်ဝန်းကျင်သို့ ဆိုးကျိုးများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ကျန်းမာရေးထိခိုက်မှုများကို လျှော့ချပေးရုံသာမက ဘက်ထရီပြန်လည်အသုံးပြုသည့် နည်းပညာများတွင် ဆန်းသစ်တီထွင်မှုများကို တွန်းအားပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံ၏ စီးပွားရေးလည်ပတ်မှုစီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုမည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အပြောင်းအလဲဖြစ်စေသည့် မူဝါဒတစ်ခု အောင်မြင်လာစေရေးအတွက် ဆောင်ရွက်ရာတွင် နောက်ဆက်တွဲ အကျိုးစီးပွားဖြစ်ထွန်းရေး မြော်တွေးဆောင်ရွက်မှုများကို ကြိုဆိုရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် လျှပ်စစ်သုံးယာဉ်နှင့် ဘက်ထရီနည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေပြီး စွမ်းအင်သိပ်သည်းဆ ပိုမိုမြင့်မားကာ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချလာနိုင်ပြီဖြစ်သည်။ အားသွင်းချိန် ပိုမိုမြန်ဆန်ပြီး ခရီးအကွာအဝေး ပိုမိုသွားလာနိုင်သော ဘက်ထရီအသစ်များလည်း ပေါ်ပေါက်လာပြီဖြစ်ရာ ၎င်းနည်းပညာအရွေ့တို့နှင့်အတူ နောက်ဆက်တွဲရလဒ်များတွင် အမီလိုက်ပါဆောင်ရွက်နိုင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒိုတာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခင်ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင် ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။



ပြည်မြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် တပ်စုအဆင့်လျှော်ဇာတ်တိုက်လေ့ကျင့်ခြင်းကို အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းများပူးပေါင်း၍ ဖေဖော်ဝါရီ ၂၉ ရက်က လေ့ကျင့်ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉-၂-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၂,၁၀၆ | ၁၇,၄၇၉,၈၀၀ |
| MTSH | ၂၈၅၀ | ၂,၉၀၀ | ၄၄၂ | ၁,၂၇၂,၃၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၂၅ | ၃၈,၅၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၁၆၀ | ၂၆၈,၅၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂ | ၉,၆၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၆၃၄ | ၁,၁၀၉,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်(တပ်ကုန်းမြို့)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် (တပ်ကုန်းမြို့)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ MRTV ၏ ရုပ်သံလိုင်း(Channel)များအလိုက် သတင်းဖတ်ကြားရန် ရွေးချယ်လေ့ကျင့်နေသည့် ဝန်ထမ်းသစ်များအား Screen Test ဆောင်ရွက်မှုနှင့် MRTV ၏ ဘဏ္ဍာရေးနှစ်အလိုက်ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းကြီးများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Conference Room တွင် MRTV ၏ ရုပ်သံလိုင်း Channel များအလိုက် သတင်းဖတ်ကြားရန် ရွေးချယ်လေ့ကျင့်နေသည့် ဝန်ထမ်းသစ် ခုနစ်ဦးနှင့် အင်္ဂလိပ်ဘာသာဖြင့် သတင်းဖတ်ကြားရန် ရွေးချယ်လေ့ကျင့်နေသည့် ဝန်ထမ်းသစ် ခုနစ်ဦးတို့အား Screen Test စစ်ဆေးဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးအားပေးပြီး တစ်ဦးချင်းအလိုက် လိုအပ်ချက်များအပေါ် အကြံပြုဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ချပြရှင်းလင်းပြီး နိုင်ငံတော်မီဒီယာက မီဒီယာနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ရမည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူများအသိပညာ မြှင့်တင်ရေးနှင့် စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်စေရေး၊ ပြည်သူများ ပျော်ရွှင်အပန်းပြေစေရေးနှင့် လုံခြုံရေးဆိုင်ရာများကို အသေးစိတ်မှာကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်နေသောလုပ်ငန်းကြီး လေးခုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းကြီးတစ်ခုတို့၏ ဆောင်ရွက်မှုအခြေအနေများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ မေးမြန်းစိစစ်ပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် News Studio(1) တွင် SD စနစ်မှ HD စနစ်သို့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ငွေကျပ် သန်း ၁၅၇၀ ဖြင့် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နေသော TMW Enterprise ကုမ္ပဏီ၏ ရိုက်ကူးရေးစနစ်၊ မီးနှင့် အသံစနစ်၊ ထုတ်လုပ်ပေးပို့မှုစနစ်များ ဆောင်ရွက်ပြီးစီးမှုနှင့် လက်တွေ့ရိုက်ကူးရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရုပ်သံလိုင်း Channel သုံးခု ထုတ်လွှင့်နေသော Presentation Work Station ၃ နှင့် ၄ တို့တွင် SD စနစ်မှ HD စနစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ငွေကျပ်သန်း ၃၃၈၀ ဖြင့် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နေသော Elevate Broadcast Myanmar ကုမ္ပဏီ၏ လုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေး၍ ယခုဘဏ္ဍာနှစ်ကာလအပြီး စနစ်တကျဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် Auditorium ခန်းမတွင် ရိုက်ကူးရေးသုံး LED Wall ကို ငွေကျပ် ၅၄၉ သန်းဖြင့် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နေသော TMW Enterprise ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လက်တွေ့ အသုံးပြုနေမှုကိုလည်းကောင်း၊ MRTV ပင်မအဆောက်အအုံအတွက် လေအေးပေးစနစ် အဆင့်မြှင့်တင်တပ်ဆင်ခြင်း ဒုတိယအဆင့် လုပ်ငန်းကို ငွေကျပ်သန်း ၁၂၄၀ ဖြင့် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နေသော Constructive Engineers ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် စမ်းသပ်လည်ပတ်မှုကိုလည်းကောင်း စစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်မည့် Convergence News Room System ၏ လက်ရှိ လုပ်ငန်းစွမ်းဆောင်ရည်ကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြှင့်တင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို စနစ်တကျ စီစဉ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

**❒ ကျောက်ဆည်မြို့နယ်မှ**

နွေသီးနှံမျိုးစုံစိုက်ပျိုးရာ၌ နွေစပါးများကို မင်းရဲစိုက်ပျိုးရေပေးဝေမြောင်းတွင် ၃၇၂ ဧက၊ သင်းတွဲ စိုက်ပျိုးရေပေးဝေမြောင်းတွင် ဧက ၆၀၀၊ သမုတ်စိုက်ပျိုးရေပေးဝေမြောင်းတွင် ၂၈ ဧက၊ စက်ရေတွင်းဖြင့် ၅၃ ဧက စုစုပေါင်း ၁၀၅၃ ဧက၊ နွေနှမ်းသီးနှံများကို မင်းရဲစိုက်ပျိုးရေပေးဝေမြောင်းတွင် ၁၈၆၆ ဧက၊ သင်းတွဲ စိုက်ပျိုးရေပေးဝေမြောင်းတွင် ၂၉၄၆ ဧက၊ ငပြောင် စိုက်ပျိုးရေပေးဝေမြောင်းတွင် ၂၃၃၄ ဧက၊ ဇီးစိုက်ပျိုးရေပေးဝေမြောင်းတွင် ဧက ၄၂၀၊ နွားတက်စိုက်ပျိုးရေပေးဝေမြောင်းတွင် ၁၁၂၁၃ ဧက၊ တမုတ်စိုက်ပျိုးရေပေးဝေမြောင်းတွင် ၃၉၄၄ ဧက၊ အထက်လင်းဇင်းစိုက်ပျိုးရေပေးဝေမြောင်းတွင် ဧက ၆၅၀၊ သင်းဒီးစိုက်ပျိုးရေပေးဝေမြောင်းတွင် ၄၅၅၉ ဧက၊ ထုံးကြီးစိုက်ပျိုးရေပေးဝေမြောင်းတွင် ဧက ၂၈၀၊ စမာစိုက်ပျိုးရေပေးဝေမြောင်းတွင် ဧက ၂၃၀၊ ပဲတီစိမ်းသီးနှံများကို မင်းရဲစိုက်ပျိုးရေပေးဝေမြောင်းတွင် ၂၃၆ ဧက၊ သင်းတွဲစိုက်ပျိုးရေပေးဝေမြောင်းတွင် ၃၁၄၁ ဧက၊ ငပြောင်စိုက်ပျိုးရေပေးဝေမြောင်းတွင် ဧက ၇၈၀၊ ဇီးတောစိုက်ပျိုးရေပေးဝေမြောင်းတွင် ဧက ၁၁၀၊ နွားတက်စိုက်ပျိုးရေပေးဝေမြောင်းတွင် ၃၈၂၇ ဧက၊ တမုတ်စိုက်ပျိုးရေပေးဝေမြောင်းတွင် ၈၁၄ ဧက၊ ထုံးကြီးစိုက်ပျိုးရေပေးဝေမြောင်းတွင် ၃၃၄ ဧက၊ စမာစိုက်ပျိုးရေပေးဝေမြောင်းတွင် ၇၆၅ ဧက စုစုပေါင်း ၁၀၀၀၇ ဧက၊ ဝါသီးနှံများကို သင်းဒီးစိုက်ပျိုးရေပေးဝေမြောင်းတွင် ၈၃ ဧက၊ စက်ရေတွင်းဖြင့် နှစ်ဧက စုစုပေါင်း ၈၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

---

**✪ ရွှေဖုံးမှ**

ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားချက်အရ သိရသည်။

လက်ရှိဘဏ္ဍာနှစ်တွင် ပြည်တွင်း၌ ဆန်ဈေးကွက်တည်ငြိမ်စေရန်အတွက် ကျန်ရှိနေသည့်ကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုကို လျှော့ချသွားမည်ဖြစ်ပြီး ပုံမှန်အားဖြင့် ပြည်ပသို့ နှစ်စဉ်ဆန်တန်ချိန် ၂ ဒသမ ၁ သန်းတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် တစ်သန်းကျော်သာ တင်ပို့နိုင်တော့မည်ဖြစ်၍ ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာသန်း ၇၀၀ ဝန်းကျင်ရရှိမည်ဟု ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပ နိုင်ငံများသို့ ဆန်တန်ချိန် ၂ ဒသမ ၄ သန်း တင်ပို့နိုင်ခဲ့ရာ ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးအဆင့်(၅)နေရာတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။ **ပွင့်သစ္စာ**

---

# သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာရေးထိုး

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

Information and Communication Technology(ICT)ဆိုင်ရာ အတတ်ပညာရှင်များ မွေးထုတ်ခြင်းကို အရှိန်အဟုန်မြှင့်တင်ရန်နှင့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာကဏ္ဍရှိ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက် ဆည်းပူးလေ့လာလိုသူများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းကို အထောက်အကူပြု သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့အကြား ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာရေးထိုးခြင်းကို ယနေ့




မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်နယ်မြေရှိ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနတွင် ပြုလုပ်သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာရေးထိုးပွဲသို့ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ (Memoradum of Incorporation-MOI)ကို Digital Technology/ICT ဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ Digital Technology ကို အသုံးပြု၍ အခြေခံနှင့်အသုံးချ သုတေသနများ ပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

---

# ရွှေပြည်သာမြို့နယ်၌ (၇၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာအုပ်များလှူဒါန်း

**ရွှေပြည်သာ ဖေဖော်ဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒုတိယဗိုလ်မှူးကြီးကျော်ရင်(ငြိမ်း)(စာရေးဆရာ မြင်းခြံကျော်အောင်)က ရွှေပြည်သာမြို့နယ်ရှိ တပ်မတော်နှင့် ဌာနဆိုင်ရာအကြီးအကဲများအား စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဗိုလ်မှူးကြီးကျော်ရင်(ငြိမ်း) (စာရေးဆရာ မြင်းခြံကျော်အောင်)က မိတ်ဆက်စကားပြောကြားပြီး စာအုပ်၈၀ ကိုပေးအပ်လှူဒါန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စာရေးဆရာ မြင်းခြံကျော်အောင်လှူဒါန်းသော စာအုပ်များမှာ ၎င်းကိုယ်တိုင်ရေးသားထားသော ဘဝဇာတ်ခုံဖြစ်ရပ်စာအုပ် ၄၀ နှင့်



ငါသူဌေးဖြစ်မယ့်လူလား စာအုပ် ၄၀၊ တန်ဖိုးငွေကျပ် ၄၀၀၀၀၀ ရှိ စာအုပ်ပေါင်း ၈၀ အား အများပြည်သူအကျိုးငှာ လှူဒါန်းခဲ့ကြောင်း သိရသည်။ **နေမျိုးထွန်း(ပြန်/ဆက်)**

# တောင်သူလယ်သမားနေ့အကြို ရက်သတ္တပတ်လုပ်ရှားမှု ဆောင်ရွက် လက်တွေ့အသုံးချ စိုက်ပျိုးနည်းပညာ အကောင်းဆုံးစာတမ်းဆုများနှင့် လယ်ယာကဏ္ဍဆိုင်ရာစွမ်းဆောင်မှု ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်




နေပြည်တော် ဖေဖော်ဝါရီ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားနေ့အကြို ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန စွန့်ဦးလုပ်ငန်းပညာရှင်များအဖွဲ့က ကျင်းပသည့် စာတမ်းဖတ်ပွဲမှ အကောင်းဆုံးစာတမ်းဆုများနှင့် လယ်ယာကဏ္ဍဆိုင်ရာစွမ်းဆောင်မှု ဂုဏ်ပြုဆုများချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက "နိုင်ငံ့စီးပွားမြှင့်တင်ဖို့ စိုက်ပျိုးပညာဖြန့်ဝေစို့" ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည့် စိုက်ပျိုးရေးဦးစီးဌာန စွန့်ဦးလုပ်ငန်းပညာရှင်များအဖွဲ့၏ (၆)ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် အကောင်းဆုံး စာတမ်းဆုရရှိသူများကို ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးဦးစီးဌာန စွန့်ဦးလုပ်ငန်းပညာရှင်များအဖွဲ့၏ (၆)ကြိမ်မြောက် စာတမ်းဖတ်ပွဲ၌ လက်တွေ့အသုံးချ စိုက်ပျိုးနည်းပညာ စာတမ်းများတင်သွင်းခဲ့ကြသည့် တက်သစ်စလုပ်ငန်းပညာရှင် စာတမ်းရှင်များနှင့် အတွေ့အကြုံကောင်းရှိသည့် ပညာရှင်စာတမ်းရှင်များ၏ အကောင်းဆုံးစာတမ်းဆု ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းတွင် "သင်တန်းသားစံပြဆု" ရရှိသူနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်းတွင် "သင်တန်းသား သေနတ်ပစ်ထူးချွန်ဆု" ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး မိုးခါမှန်တိုင်းကျရောက်မှုကြောင့် ရခိုင်ပြည်နယ်ရှိ စပါးစိုက်ပျိုးထုတ်လုပ်ခြင်း ထိခိုက်မှုမရှိစေရန်အတွက် နှံကောက်စပါးမျိုး တင်း ၄၀၀ ထောက်ပံ့ပေးခဲ့သော ယွန်းလျှံ မျိုးစေ့ကုမ္ပဏီနှင့် GW-11 စပါးမျိုး တင်း ၅၀၀၀ ထောက်ပံ့ပေးခဲ့သော ဂရိတ်ဝေါ မျိုးစေ့ကုမ္ပဏီတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက စိုက်ပျိုးရေးဦးစီးဌာန စွန့်ဦးလုပ်ငန်းပညာရှင်များအဖွဲ့၏ (၆)ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် စတုတ္ထ၊ ပဉ္စမနှင့် နှစ်သိမ့်ဆု ရရှိကြသည့် စာတမ်းရှင်များ၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပေးအပ်ခဲ့သော "လယ်ယာစီးပွားထူးချွန်ဆု(တတိယအဆင့်)" ရရှိခဲ့သူ ခြောက်ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပခဲ့သည့် SEA Games ပွဲစဉ် မသန်စွမ်းအလေးမပြိုင်ပွဲ၌ ငွေတံဆိပ်နှင့် ကြေးတံဆိပ် ရရှိခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စာတမ်းဖတ်ကြားခဲ့သော ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း စိုက်ပျိုးပညာပေးရေး၊ နည်းပညာပြန့်ပွားရေး၊ သတင်းအချက်အလက်များ မျှဝေရာတွင် သတင်းစာ၊ လူထုဆက်သွယ်ရေးမီဒီယာများမှ ကျယ်ပြန့်စွာ အားကျိုးမာန်တက် ဆောင်ရွက်ခဲ့သည့် မြို့နယ်များကို ဆုများ ချီးမြှင့်ပေးအပ်သည်။

ယခုကျင်းပသည့် စာတမ်းဖတ်ပွဲ၌ စိုက်ပျိုးရေးဦးစီးဌာန စွန့်ဦးလုပ်ငန်းပညာရှင်များက ၎င်းတို့ တာဝန်ကျရာဒေသများတွင် စူးစမ်းလေ့လာ၍ လက်တွေ့အသုံးချ စိုက်ပျိုးနည်းပညာများအဖြစ် ဖော်ထုတ်ပြုစုထားသည့် စာတမ်းများကို တင်သွင်းဖတ်ကြားခဲ့ကြခြင်းဖြစ်ကြောင်း၊ မတူညီသော ရေမြေရာသီဥတု သီးနှံမျိုးများနှင့် စိုက်စနစ်များ အတွေ့အကြုံများကို တစ်နေရာတည်းတွင် စုံစုံလင်လင် လေ့လာခွင့်၊ ဆွေးနွေးခွင့်၊ အမြင်ချင်းဖလှယ် နှီးနှောခွင့်ရရှိကြသဖြင့် စာတမ်းတင်သွင်းသူ၊ လေ့လာသူ အားလုံးအတွက် အကျိုးများစေခဲ့သည့်အပြင် စာတမ်းအတွက် ကြိုတင်ပြင်ဆင်လေ့လာမှုများမှ လက်တွေ့အချက်အလက်များကို ဆက်လက်ဆောင်ရွက်မည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အထောက်အကူပြုစေနိုင်ရေးနှင့် တောင်သူနည်းပညာ ပြန့်ပွားရေးလုပ်ငန်းများတွင် ထည့်သွင်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်ပတ်သက်၍ လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာစစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းဆိုင်ရာစီမံကိန်း၏ စီမံကိန်းပိတ်ပွဲအခမ်းအနား ကျင်းပ




နေပြည်တော် ဖေဖော်ဝါရီ ၂၉

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် "နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှင့်ပတ်သက်၍ လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာစစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းဆိုင်ရာ စီမံကိန်း" ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနမှတာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်းကာလ နှစ်နှစ်နှင့် ခြောက်လတာ ကာလအတွင်း လေထု အရည်အသွေးဆိုင်ရာ အဓိက Parameter ၁၁ မျိုးနှင့် ရာသီဥတုဆိုင်ရာ Parameter ခြောက်မျိုးကို တိုင်းတာနိုင်သည့် ရွှေ့လျား လေထုအရည်အသွေး တိုင်းတာရေး စက်ကိရိယာများ ဝယ်ယူပြီး မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့၏ နယ်စပ်ဖြစ်သည့် တာချီလိတ်ခရိုင်အတွင်း ပတ်ဝန်းကျင် လေထုအရည်အသွေး တိုင်းတာခြင်း လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် လေထုအရည်အသွေး တိုင်းတာခြင်းဆိုင်ရာ သင်တန်း၊ ရွှေ့လျားလေထုအရည်အသွေး တိုင်းတာရေး စက်ကိရိယာ ကိုင်တွယ်အသုံးပြုခြင်း သင်တန်းနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံများကို မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှင့်ပတ်သက်၍ အသိပညာပေး လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ နှစ်စဉ် ပွင့်လင်းရာသီတွင် တွေ့ကြုံရသည့် တောမီးလောင်ကျွမ်းခြင်းနှင့် အခြားမီးလောင်ကျွမ်းမှုများကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ဗဟိုအစိုးရများအကြား တောမီးအန္တရာယ်ဆိုင်ရာ ပူးတွဲကာကွယ်ရေးကော်မတီ ဖွဲ့စည်းထားရှိပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တောမီးကာကွယ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ပြသထားသော ပိုစတာများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

အဆိုပါ စီမံကိန်းကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် မတ်လအထိ စီမံကိန်းကာလ ၂ နှစ် ၆ လ သတ်မှတ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးချုပ်နှင့် ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် အရှေ့ပိုင်းခရိုင်အတွင်း အမျိုးသမီးအရေး ဆောင်ရွက်ချက်များ စကားဝိုင်း ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ အရှေ့ပိုင်းခရိုင်အတွင်း အမျိုးသမီးအရေးဆောင်ရွက်ချက်များ စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အရှေ့ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ယုဒါရီက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ပေါ်ပေါက်လာပုံနှင့် ၎င်းတို့ဌာနမှ အမျိုးသမီးများကာကွယ်စောင့်ရှောက်မှုများ၊ သဃ်္ဃန်းကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းစန်းထွေးက အခက်အခဲကြုံတွေ့လာသည့် အမျိုးသမီးများအား ကူညီပူးပေါင်းဆောင်ရွက်မှုများ၊ သဃ်္ဃန်းကျွန်းမြို့မရဲစခန်းမှ အိဖြိုးအောင်က ဖြစ်ပေါ်လာသည့်အမှုကိစ္စရပ်အလိုက် ဆောင်ရွက်ခဲ့မှုများနှင့် သဃ်္ဃန်းကျွန်းခရိုင်မှ ဒုတိယခရိုင် ဥပဒေအရာရှိ ဒေါ်မြမြစိုးက အမျိုးသမီးများ အကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**လှလှနွယ်**




**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်ထံသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ အား ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်ထံသို့ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၂၀ အား ပေးအပ်စဉ်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၁၀၀ အားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၁၂၀ အားလည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တိုင်းမှူးထံ အသီးသီး ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်ပြည်သူများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးထံ ဂုဏ်ပြုပေးအပ်စဉ်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်ပြည်သူများက စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ပြင်ဦးလွင်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ ရန်ကြီးအောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်ပြည်သူများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်း ၁၈၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကံမမြို့နယ်၌ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါး စုပေါင်းစိုက်ပျိုးပွဲ ကျင်းပ

ကံမ ဖေဖော်ဝါရီ ၂၉

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကဒူးပြင်ကျေးရွာ၌ တောင်သူခုနစ်ဦး၏ လယ်မြေ ၁၀ ဧကအတွင်း ယနေ့နံနက်ပိုင်းက တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါး စုပေါင်းစိုက်ပျိုးပွဲကို ကျင်းပသည်။



အခမ်းအနားတွင် သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် နွေစပါးမျိုးစေ့ချ စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားပြီး သရက်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်စိုးက နွေစပါးလျာထားချက် ပြည့်မီစွာ အချိန်မီ စိုက်ပျိုးနိုင်ရေး၊ စိုက်စနစ် မှန်ကန်ရေး၊ သက်တမ်းတိုအထွက်ကောင်း ဆာဖိုးသာမျိုးစပါး အသုံးပြု စိုက်ပျိုးရေး၊ တစ်ဧက တင်း ၁၅၀ ထွက်ရှိရေးအတွက် လိုက်နာကျင့်သုံးရမည့် နည်းပညာများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကံမမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းငွေနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးမျိုးသီဟတို့က တစ်ဧကတင်း ၁၅၀ ထွက်ရှိရေးအတွက် ဆောင်ရွက်ထားရှိသည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် ဆာဖိုးသာစပါး စုပေါင်းမျိုးစေ့ချစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ကံမမြို့နယ်တွင် ယခုနှစ် နွေစပါးရာသီ၌ မဒေးဆည်ရေသောက် ဧရိယာအတွင်း ၁၆၇၇ ဧကနှင့် ခြောက်ထောင့်ဆိုလာ လျှပ်စစ်ရေတင် ဧရိယာအတွင်း ၁၅၅ ဧက စုစုပေါင်း နွေစပါး ၁၈၃၂ ဧက အောင်မြင်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



## နွေစပါးမျိုးနှင့် စိုက်ပျိုးရေးသွင်းအားစု ပေးအပ်

မိတ္ထီလာ ဖေဖော်ဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရွှေချောင်းပေါက်ကျေးရွာ ရွှေချောင်းပေါက်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ၄၁ ဦး၏ နွေစပါး ဧက ၅၀ အတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော နွေစပါးမျိုးနှင့် သွင်းအားစုများကို မြို့နယ်သမဝါယမအသင်းစုပိုင် ရန်ပုံငွေမှ ပေးအပ်ပွဲကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် လက်ထောက် ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက နွေစပါးအထွက်နှုန်း တိုးတက်ရေးနှင့် ရာသီမပြတ် သီးနှံများ စိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# လက်ဖက်ရည်ဝိုင်းမှသည် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များဆီ

**သန်းတင်အောင် (ကြေးမုံ)**

- **၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ ကောက်ယူမှာ။ သန်းခေါင်စာရင်းရည်ညွှန်းချိန်ကတော့ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ညဥ့်သန်းခေါင်ယံအချိန်ထိပဲ**
- **သန်းခေါင်စာရင်းကောက်တဲ့အချိန်မှာ အိမ်ထောင်စုတွေမှာ နေထိုင်သူတွေကို မေးခွန်းပေါင်း ၆၈ ချက် မေးမြန်းမယ်။ အဖွဲ့အစည်းတွေမှာ နေထိုင်သူတွေကိုတော့ မေးခွန်းပေါင်း ၁၈ ချက် မေးမြန်းမယ်။ သန်းခေါင်စာရင်းကို** Computer Assisted Personnel Interviewing (CAPI) **စနစ်နဲ့** Mobile Tablet **ထဲမှာ မေးခွန်းတွေကို ဖြည့်သွင်းပြီး စာရင်းကောက်ယူမှာဖြစ်တယ်**

ဦးမိုးကြီး၏ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ထွေရာလေးပါးစကားတွေပြောရင်း ထုံးစံအတိုင်း ပွဲကျနေကြသည်။ မြန်မာနိုင်ငံ သန်းခေါင်စာရင်းကောက်ယူမှုနှင့် ပတ်သက်ပြီး ဆွေးနွေးနေကြခြင်းဖြစ်သည်။

"ဆရာသန်း မြန်မာနိုင်ငံမှာ သန်းခေါင်စာရင်းကောက်တဲ့အကြောင်းလေး ပြောပါဦး"ဟု ကိုသက်က စကားဦးချီသည်။

"မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်လုံးကျွတ်အဆင့် လူဦးရေသန်းခေါင်စာရင်းကို ၁၉၇၃၊ ၁၉၈၃ နဲ့ ၂၀၁၄ ခုနှစ်တွေမှာ ကောက်ယူခဲ့တာပဲ။"

"ဒါဆိုရင် အခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်လို့အပြီး ၁၀ နှစ်အကြာမှာ ထပ်မံကောက်တယ်ဆိုတဲ့ သဘောလား။"

"ဟုတ်တာပေါ့ ဆရာသက်ရယ်"

"၂၀၂၄ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ဘယ်တော့ကောက်မှာလဲ ဆရာသန်း"

"အဲဒါကတော့ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ ကောက်ယူမှာ။ သန်းခေါင်စာရင်းရည်ညွှန်းချိန်ကတော့ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့ ညဥ့်သန်းခေါင်ယံအချိန်ထိပဲ။"

အဲဒီအချိန် ဘေးမှာထိုင်နေတဲ့ ကိုမျိုးက "ဦးမိုးကြီးရေ ချိုဆိမ့်တစ်ခွက်လောက်လုပ်ပါဦး" လို့ အော်ပြောလိုက်ရင်း "ဒါနဲ့ ဆရာသန်း သန်းခေါင်စာရင်းက ဘယ်သူတွေကို ကောက်မှာလဲ" လို့ မေးလိုက်သည်။

"မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း နေထိုင်သူအားလုံးကို စာရင်းကောက်ယူမှာ။ တစ်နည်းအားဖြင့် သာမန်အိမ်ထောင်စုတွေဖြစ်တဲ့ မိသားစုနေအိမ်တွေ၊ အဖွဲ့အစည်းတွေဖြစ်တဲ့ ဟိုတယ်တွေ၊ ဘုန်းကြီးကျောင်းတွေ၊ ဆေးရုံတွေနဲ့ အထူးလူဦးရေအုပ်စုတွေဖြစ်တဲ့ အိမ်ခြေရာမဲ့တွေ၊ ဆောက်လုပ်ရေးလုပ်သားတွေ၊ သစ်တောကြိုးဝိုင်းမှာ နေထိုင်တဲ့သူတွေ စတဲ့ နေရာတွေမှာ နေထိုင်သူအားလုံးကို စာရင်းကောက်ယူမှာ။

ပြီးတော့ ဘယ်အိမ်ထောင်စု၊ ဘယ်အဖွဲ့အစည်းမဆို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ကနေ အောက်တိုဘာလ ၁၅ ရက်နေ့အထိ စာရင်းကောက်ယူတာ မခံရဘူးဆိုပါက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေဆီ သတင်းပို့သင့်တယ်လို့ထင်တယ်။ ဘာလို့လဲဆိုတော့ သူတို့တွေက စာရင်းကောက်ယူဖို့ ကူညီစီစဉ်ဆောင်ရွက်ပေးမှာမလို့ပါ။"

"ဒါနဲ့ ဟိုနေ့ကပြောတဲ့ သန်းခေါင်စာရင်းကောက်ယူတဲ့အခါ မေးမယ့်မေးခွန်းတွေအကြောင်း ပြောပါဦး" ဟု ကိုမျိုးက ဆရာသက်ဘက်လှည့်ကာ မေးလိုက်သည်။

"သန်းခေါင်စာရင်း ကောက်တဲ့အချိန်မှာ အိမ်ထောင်စုတွေမှာ နေထိုင်သူတွေကို မေးခွန်းပေါင်း ၆၈ ချက် မေးမြန်းမယ်။ အဖွဲ့အစည်းတွေမှာ နေထိုင်သူတွေကိုတော့ မေးခွန်းပေါင်း ၁၈ ချက် မေးမြန်းမယ်။"

"ဆရာသန်း သန်းခေါင်စာရင်းကို ဘယ်လိုစနစ်နဲ့ ကောက်မှာလဲဆိုတာလေး ပြောပါဦး" ဟု ဆရာသက်က မေးလိုက်သည်။

ကျွန်တော့်ရှေ့မှာရှိတဲ့ အအေးခံထားတဲ့ ရေနွေးကြမ်းပန်းကန်ကို ကျွန်တော် တစ်ကျိုက်တည်းမော့သောက်ရင်း "သန်းခေါင်စာရင်းကို Computer Assisted Personnel Interviewing (CAPI) စနစ်နဲ့ Mobile Tablet ထဲမှာ မေးခွန်းတွေကို ဖြည့်သွင်းပြီး စာရင်းကောက်ယူမှာဖြစ်တယ်။"

"Mobile Tablet တွေ အသုံးပြုပြီး စာရင်းကောက်ယူဖို့ CAPI စနစ် တည်ဆောက်ခဲ့မှုနဲ့ ပတ်သက်လို့ အသေးစိတ်ပြောပါဦး"ဟု ဆရာသက်က ထပ်မေးသည်။

"ဒါကတော့ မေးခွန်းပုံစံ အတည်ပြုပြီးချိန်မှာ ပြည်သူ့အင်အားဦးစီးဌာနရဲ့ စာရင်းပြုလုပ်ငန်းအဖွဲ့က ကမ္ဘာ့ဘဏ်အကူအညီနဲ့ Mobile Tablet တွေ အသုံးပြုပြီး စာရင်းကောက်ယူနိုင်ဖို့ CAPI စနစ်တည်ဆောက်တာ၊ စက်ပစ္စည်းတွေ တပ်ဆင်တာ၊ Software တွေ ထည့်သွင်းတာ၊ စာရင်းကောက်ယူတဲ့စနစ်ကို စမ်းသပ်တာ၊ Mobile Tablet တွေ အသုံးပြုပြီး စာရင်းကောက်ယူနိုင်ဖို့ သင်တန်းပေးတာနဲ့ စာရင်းကောက်ယူပြီးတဲ့ အချက်အလက်တွေကို သိမ်းဆည်းဖို့ ဦးစီးရုံးချုပ်မှာ ဆာဗာတပ်ဆင်တာတွေကို ဆောင်ရွက်ထားတယ်။ သန်းခေါင်စာရင်းမေးခွန်းပုံစံနဲ့ CAPI စနစ် အပြီးသတ် အတည်မပြုမီ စမ်းသပ်မှုအများကြီးကို ၂၀၁၉ ခုနှစ် စက်တင်ဘာလကတည်းက ဆောင်ရွက်ခဲ့တာ။"

"ဒါဆို စာရင်းအကောက်ခံရမယ့်သူတွေက လာကောက်မယ်ဆိုတာ ဘယ်လိုသိနိုင်မလဲ ပြောပါဦး"ဟု ကိုမျိုးက ထပ်လောင်းမေးလိုက်သည်။

"ဒါကတော့ ကိုမျိုးရယ် စာရင်းကောက်တွေက သူတို့တာဝန်ကျတဲ့ စာရင်းကောက်ကွက်အတွင်းမှာရှိတဲ့ နေအိမ်တွေကိုသွားပြီး မနက် ၇ နာရီကနေ ညနေ ၆ နာရီအတွင်း စာရင်းကောက်မှာ။"

"သူတို့လာကောက်လို့ ခရီးတွေဘာတွေ လွန်နေရင်ရော ဘယ်လိုလုပ်မလဲ" ဟု ကိုမျိုးက မေးသည်။

"စာရင်းကောက်တွေအနေနဲ့ နေအိမ်တွေကို စာရင်းလာကောက်မယ့်နေ့ကို ကြိုတင်အကြောင်းကြားထားမှာပါ။"

"ဩော် ... ဒါဆိုရင်တော့ တော်သေးတာပေါ့။"

ပြီးတော့လည်း စာရင်းကောက်တွေက သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူရာမှာ အိမ်ထောင်စုမှာရှိတဲ့ အိမ်ထောင်ဦးစီး ဒါမှမဟုတ် အိမ်ထောင်စုတစ်ခုလုံးရဲ့ ကိုယ်စား တာဝန်ယူဖြေကြားပေးနိုင်မယ့် အရွယ်ရောက်ပြီးသူတွေကို မေးမြန်းသွားမှာ။

နောက်ပြီး ပြည်သူတွေအနေနဲ့ သန်းခေါင်စာရင်း မေးခွန်းမှာပါဝင်တဲ့ နိုင်ငံခြားရောက်နေတဲ့ အိမ်ထောင်စုဝင်တွေနဲ့ပတ်သက်လို့ မေးမြန်းတဲ့ မေးခွန်းတွေအပေါ် စိုးရိမ်ပူပန်စရာမလိုဘူး။ ဘယ်လိုမှ အရေးယူမှာမဟုတ်ဘူး။

ကျွန်တော်က ပြောပြောဆိုဆိုနဲ့ "ဦးမိုးကြီးရေ ဦးမိုးကြီး"ဟု လှမ်းခေါ်လိုက်ရာ ခဏကြာတော့ ဦးမိုးကြီးရောက်လာပြီး "ကဲ ဆရာတို့ ဘာမှာဦးမလဲ။"

"လက်ဖက်သုပ်တစ်ပွဲ ပေးပါဦးဗျ။"

"အိုကေ ခဏစောင့်" ဆိုပြီး ဆိုင်ထဲကို ဝင်သွားသည်။

"ဆရာသက် သန်းခေါင်စာရင်းနဲ့ ပတ်သက်လို့ ပြည်သူတွေ ဆောင်ရန်၊ ရှောင်ရန်လေးတွေကို ပြောပါဦး"ဟု ကိုမျိုးက စကားပြန်ဆက်သည်။

ပြည်သူအများစုက သန်းခေါင်စာရင်းကို အိမ်ထောင်စုစာရင်း {ပုံစံ (၆၆/၆)၊ ပုံစံ (၁၀)}နဲ့ မှားယွင်းနေကြတယ်။ သန်းခေါင်စာရင်းက အိမ်ထောင်စုစာရင်း မဟုတ်ဘူး။ နိုင်ငံသားကတ်ရှိခြင်း/ မရှိခြင်း၊ အိမ်ထောင်စုစာရင်းရှိခြင်း/မရှိခြင်း၊ နိုင်ငံသားဖြစ်ခြင်း/မဖြစ်ခြင်းတွေနဲ့ သန်းခေါင်စာရင်းက လုံးဝ (လုံးဝ)မသက်ဆိုင်ဘူး။

"ဩော် ... ဟိုနေ့က စာအုပ်ထဲမှာ သန်းခေါင်စာရင်းက ရရှိတဲ့ အချက်အလက်တွေရဲ့ လုံခြုံစိတ်ချမှုကို ၂၀၁၃ ခုနှစ် ဇူလိုင်လက ပြဋ္ဌာန်းခဲ့တဲ့ သန်းခေါင်စာရင်းဥပဒေက ကာကွယ်ပေးပြီး ဘယ်သူမဆို လျှို့ဝှက်ချက်ကို ချိုးဖောက်ရင် အရေးယူတာခံရမယ်လို့ ဖတ်လိုက်ရတယ်။"

"မှန်တာပေါ့ ကိုမျိုး"

"သန်းခေါင်စာရင်းက ရရှိတဲ့ အချက်အလက်တွေကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားဘယ်ကိစ္စအတွက်မှ အသုံးမပြုဖို့ သန်းခေါင်စာရင်းဥပဒေက ကာကွယ်ပေးထားတယ်။"

"ဒါဆိုရင် ဆရာသက် သန်းခေါင်စာရင်းကောက်ယူချိန်မှာ ပြည်သူအားလုံးက မေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုပြီး ကူညီသင့်တာပေါ့။"

"အဲဒါအမှန်ပဲ ဆရာသန်း"

အဲဒီအချိန် ဦးမိုးကြီးက လက်ဖက်သုပ်ပန်းကန်လာချပေးသည်။ သုံးယောက်သား လက်ဖက်စားဇွန်းကိုယ်စီနဲ့ လက်ဖက်သုပ်စားကြသည်။ လက်ဖက်သုပ်စားလိုက်၊ ရေနွေးကြမ်းသောက်လိုက်နဲ့ လက်ဖက်သုပ်လည်း ကုန်၊ ရေနွေးကြမ်းလည်း တစ်အိုးကုန်သွားသည်။

ကိုမျိုးကတော့ ဆေးလိပ်လေးဖွာရင်း စကားအစဖော်သည်။

"ဆရာသန်း အစောက စကားလေး ဆက်ပါဦး ဆရာသန်းရဲ့"

"ဘယ်ရောက်သွားပြီလဲ။ ဩော် သတိရပြီ။ သန်းခေါင်စာရင်းက နိုင်ငံရေး၊ စစ်ရေးနဲ့ လုံးဝ (လုံးဝ) မပတ်သက်ဘူး။

ပြီးတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ လူတိုင်းပါဝင်ခွင့်ရတဲ့ တစ်ခုတည်းသော လုပ်ငန်းစဉ်လည်းဖြစ်တယ်။ နောက်တော့ နိုင်ငံတော်ရဲ့ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာမှာ လိုအပ်တဲ့အချက်အလက်တွေကို သန်းခေါင်စာရင်းရဲ့အစိတ်အပိုင်းကရရှိမယ်။ ရရှိလာတဲ့အချက်အလက်တွေက စီမံကိန်းတွေနဲ့ မူဝါဒရေးဆွဲရာမှာ အထောက်အကူပြုမှာဖြစ်တယ်။"

"ဒါဆိုရင် သန်းခေါင်စာရင်းကောက်ခံဖို့ လူတိုင်းမှာ အခွင့်အရေးရှိသလို သန်းခေါင်စာရင်းမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုဖို့ လူတိုင်းမှာ တာဝန်ရှိတယ်။ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကလည်း အလွန်အရေးကြီးတာပေါ့နော်"ဟု ဆရာသက်က ဝင်ထောက်သည်။

"ဟုတ်ပ့ါ ဆရာသက်"

"မေးခွန်းမေးမြန်းခြင်းခံရသူက မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံဖြေကြားဖို့ တာဝန်ရှိသလို စာရင်းကောက်တွေကလည်း ဖြေကြားချက်တွေကို မေးခွန်းပုံစံ Mobile Tablet တွေပေါ်မှာ မှန်မှန်ကန်ကန် ဖြည့်သွင်းဖို့ တာဝန်ရှိတာပေါ့"ဟု ကိုမျိုးက ပြောသည်။

"ဒါကတော့ သိပ်ကို အရေးကြီးတဲ့အချက်ပဲ ကိုမျိုး"

"၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းမှာ တွေ့ရှိရာအရပ်တွေမှာ ကောက်ယူမယ့်မှု (De-facto method)နဲ့ တစ်အိမ်တက်ဆင်း ကောက်ယူနည်း (Canvasser method)ကို အသုံးပြုပြီး ကောက်ယူမှာနော်။ ဟုတ်တယ်နော် ဆရာသက်"

"ဟုတ်တယ် ဆရာသန်း"

"သန်းခေါင်စာရင်း ကောက်ယူပြီးကြောင်းကိုလည်း နေအိမ်တွေရဲ့ အဝင်တံခါးမှာ သန်းခေါင်စာရင်းကောက်ယူပြီးစီးကြောင်း စတစ်ကာကပ်ထားမှာမဟုတ်လား"ဟု ကိုမျိုးက ပြောသည်။

"ဟုတ်တယ် ကိုမျိုး ကပ်ထားမှာ"

"၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူတဲ့ လုပ်ငန်းကို ကြိုတင်ပြင်ဆင်တာ၊ စာရင်းကောက်ယူတာ၊ စာရင်းဇယားပြုစုတာ၊ ဆန်းစစ်လေ့လာတာနဲ့ အစီရင်ခံစာထုတ်ပြန်တာ စတဲ့လုပ်ငန်းစဉ် (၄) ရပ်နဲ့ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစပြီး ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်အထိ ၅၄ လကြာ ဆောင်ရွက်သွားမယ်ဆိုတာရော ဟုတ်လား" ဟု ဆရာသက်က မေးသည်။

"ဟုတ်တယ် ဆရာသက်၊ အဲဒီလုပ်ငန်းတွေအနက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းက ကာလအရှည်ကြာဆုံးဖြစ်ပြီး လုပ်ငန်းစတင်ချိန်က ၃၆ လ၊ နှစ်အားဖြင့် သုံးနှစ် ကြာမြင့်မယ်။"

"သန်းခေါင်စာရင်းမေးခွန်းတွေ မှန်မှန်ကန်ကန်ဖြေဆိုလို့ ရရှိလာတဲ့အချက်အလက်တွေအပေါ် မူတည်ပြီး နိုင်ငံတော်က ပြည်သူတွေ နေထိုင်ရာနယ်မြေအတွင်း ဘယ်လိုပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မလဲဆိုတာနဲ့ ပတ်သက်လို့ ပြောပါဦး ဆရာသန်း"ဟု ကိုမျိုးက ဆိုသည်။

"သိပ်ကောင်းတဲ့ မေးခွန်းပဲ ဆရာမျိုး"

အဲဒါတွေကတော့ -

- လိုအပ်တဲ့ စာသင်ကျောင်း အရေအတွက်
- လိုအပ်တဲ့ ဆေးရုံ၊ ဆေးပေးခန်း အရေအတွက်
- ရေပေးဝေမှုစနစ်
- လျှပ်စစ်ဓာတ်အား ဖြန့်ဝေရမယ့်ပမာဏ
- အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရမယ့်အခြေအနေ
- လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး
- မသန်စွမ်းသူတွေ စောင့်ရှောက်ရေး

**စာမျက်နှာ ၇ သို့** ☆

# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တက္ကသိုလ်ပါမောက္ခချုပ်များ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တက္ကသိုလ်ပါမောက္ခချုပ်များ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကို ယနေ့တွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ညှိနှိုင်းအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များအနေဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အထူးဂရုပြုစေလိုကြောင်း၊ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များတွင် အလုပ်သင်ဆရာဝန် သင်တန်းကာလပြီးဆုံးသူများ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် နောက်ဆုံးနှစ် (ဘွဲ့ရ) စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများနှင့် ဘွဲ့လွန်သင်တန်းများမှ ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ကျင်းပပြုလုပ်နိုင်ရေး ဆွေးနွေးဆောင်ရွက်စေလိုကြောင်း။

KG+12 သင်ရိုးညွှန်းတမ်းအသစ်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိမည့်သူများအတွက် ဆေးပညာအခြေခံနှစ်နှင့် ပထမနှစ်ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲခြင်းများကို ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားကြစေလိုကြောင်း။

သူနာပြု၊ သားဖွားသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးအပြင် စားစရိတ်များကို တိုးမြှင့်ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ ကျန်းမာရေးအသုံးစရိတ်အတွက် ဘဏ္ဍာငွေများ လုံလောက်စွာချထားပေးပြီးဖြစ်ကြောင်း၊ တက္ကသိုလ်နှင့် သူနာပြု/သားဖွားသင်တန်းကျောင်းများတွင် လိုအပ်သော ခေတ်မီသင်ကြားရေး အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး နောင်တွင်လည်း ဆက်လက်ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်အဆောင်တွင် နေရာချထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရေး၊ လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ လုပ်ငန်းခွင်ပျော်ရွှင်ရေး၊ ဝန်ထမ်းသက်သာချောင်ချိရေး ကိစ္စရပ်များကို အထူးအလေးပေးဆောင်ရွက်ပေးစေလိုကြောင်း၊ ရာထူး တိုးမြှင့်ခြင်း၊ ဌာနပြောင်းရွှေ့ခြင်းကိစ္စရပ်များကို စနစ်တကျဖြစ်အောင် ဆောင်ရွက်စေလိုကြောင်း လမ်းညွှန်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးကဆေးတက္ကသိုလ်များ၏ မျှော်မှန်းရလဒ်အခြေခံသော စုစည်းချိတ်ဆက်သင်ကြားသည့် သင်ရိုးညွှန်းတမ်း (Outcome Based Integrated Curriculum)ကို ဆက်လက်ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးကိစ္စ၊ ဘွဲ့လွန်သင်တန်းဝင်ခွင့် ခေါ်ယူခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်း သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ ဆန်းစစ်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ရန် (၁၁)ကြိမ်မြောက် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲကို ၂၀၂၄ ခုနှစ်အတွင်း ကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသည့် ပါမောက္ခချုပ်များက ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

၂၀၂၄-ပညာသင်နှစ်တွင် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၌ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူ ၁၃၉၀၆ ဦးနှင့် ဘွဲ့လွန်သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၂၇၄ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိပြီး ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်း သင်ကြားရေးဆိုင်ရာကိစ္စရပ်များအတွက် ညှိနှိုင်းအစည်းအဝေးကို ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့က ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ လှူဒါန်းသော ငွေကျပ်သိန်း ၁၄၀ တန်ဖိုးရှိ အာဟာရဖြည့်စားသောက်ဖွယ်ရာများကိုပေးအပ်ရာ နယ်မြေခံတပ်မတော်ဆေးရုံမှ တာဝန်ရှိ သူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ဆိုင်ကယ်အပိုပစ္စည်းများ တင်သွင်းရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Great Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Aiqar eQ3 အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Aung Kan Bo Motorcycle Industrial Co., Ltd. မှ တင်သွင်းလာသော Kanbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များနှင့် ဆိုင်ကယ်အပိုပစ္စည်းများသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ၂၉-၂-၂၀၂၄ ရက်နေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



☆ **စာမျက်နှာ ၆ မှ**

- သက်ကြီးရွယ်အိုစောင့်ရှောက်ရေး
- ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်တွေ စောင့်ရှောက်ရေး
- လူမှုအခြေခံအဆောက်အအုံတွေ တည်ဆောက်နိုင်ရေး (လမ်း၊ တံတား၊ အိမ်ရာ)

စတာတွေကို နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးနိုင်မှာ။

"အဲဒါဆိုရင်တော့ ကောင်းတာပေါ့။ ပြည်သူအားလုံး ပူးပေါင်းပါဝင်သင့်တယ်"လို့ ဆရာသက်က ပြောသည်။

"ပြီးတော့ သန်းခေါင်စာရင်း ထည့်ကောက်ရမယ့် သူတွေနဲ့ ထည့်မကောက်ရမယ့်သူတွေဆိုပြီး ခွဲခြားထားသေးတယ်။"

"ဆိုစမ်းပါဦး ဆရာသန်း"

"ထည့်ကောက်ရမယ့်သူတွေကတော့ -

- သန်းခေါင်စာရင်း ရည်ညွှန်းချိန် (၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ညဉ့်သန်းခေါင်ယံ) တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိသူ/နေထိုင်သူတွေ၊
- သန်းခေါင်စာရင်း ရည်ညွှန်းချိန် (၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ညဉ့်သန်းခေါင်ယံ)ကျော်လွန်ပြီးမှ သေဆုံးသူတွေ၊
- နိုင်ငံခြားမှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသံရုံးဝန်ထမ်းတွေအပါအဝင် နိုင်ငံခြားမှာနေထိုင်တဲ့ မြန်မာနိုင်ငံသားတွေကိုတော့ သန်းခေါင်စာရင်း ထည့်ကောက်ရမယ့် စာရင်းထဲမှာ ပါတယ်။

ထည့်မကောက်ရမဲ့သူတွေကတော့ -

- မြန်မာနိုင်ငံအခြေစိုက် သံရုံးတွေနဲ့ ကောင်စစ်ဝန်ရုံးတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ သံတမန်တွေနဲ့ မိသားစုဝင်တွေ၊
- သန်းခေါင်စာရင်းရည်ညွှန်းချိန် (၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ညဉ့်သန်းခေါင်ယံ) ကျော်လွန်ပြီးမှ မွေးဖွားလာတဲ့ ကလေးတွေကိုတော့ သန်းခေါင်စာရင်းထဲ ထည့်မကောက်ရမယ့် စာရင်းထဲမှာပါတယ်။"

"ဒါဆိုရင်တော့ ပြည်သူအားလုံးနဲ့အတူ ကျွန်တော်တို့တွေလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ အရေးကြီးတာပေါ့"ဟု ဆရာသက်က ပြောပြီး "ကဲ ပြောတာလည်း အတော်များသွားပြီ ညနေလည်း စောင်းတော့မယ်။ လူစုခွဲကြရအောင်"ဆိုပြီး ဦးမိုးကြီးကို လှမ်းခေါ်ကာ ပိုက်ဆံရှင်းပြီး လူစုခွဲလိုက်ကြပါတော့သည်။ ။

# မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် Website မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် Website မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်အဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက စီးပွားရေးလုပ်ငန်းများအကြား မျှတသည့်ယှဉ်ပြိုင်မှုဖြစ်စေရေး၊ ဈေးကွက်ထိန်းချုပ်ခြင်းများမရှိစေရေး၊ အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်နိုင်ရေး၊ ဈေးကွက်အတွင်း ကောင်းမွန်သည့်ယှဉ်ပြိုင်မှုများကိုအားပေးပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူအားလုံး တစ်ပြေးညီ တိုးတက်လာစေရေးနှင့် သာတူညီမျှ ခံစားခွင့်ရရှိစေရေးအတွက် ယှဉ်ပြိုင်မှုဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယှဉ်ပြိုင်မှုဥပဒေပြဋ္ဌာန်းထားပြီး ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းများအပေါ် ကဏ္ဍအလိုက် ဦးစားပေးအစီအစဉ်များဖြင့် အသိပညာပေးဆွေးနွေးမှု အစီအစဉ်များ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသိပညာပေးအစီအစဉ်များတွင် Website များမှတစ်ဆင့် အသိပညာပေးခြင်းလည်း ပါဝင်သည့်အတွက် ယှဉ်ပြိုင်မှုဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ရယူနိုင်ရေး၊ ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားမှုများကို လက်ခံရယူနိုင်သည့် ပလက်ဖောင်းတစ်ခုအဖြစ် ဖန်တီးနိုင်ရေး၊ အာဆီယံဒေသတွင်းနှင့် မိတ်ဖက်နိုင်ငံ၊ အဖွဲ့အစည်းများ၏ ယှဉ်ပြိုင်မှုဆိုင်ရာ Website များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် Website ကို ရေးဆွဲအကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်း (၁/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ကာယပညာနှင့်အားကစားနည်းပြ မွမ်းမံသင်တန်း (၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားအဖွဲ့ချုပ်များမှ နည်းပြများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သင်တန်းသား၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာန၏ လက်ရှိဖော်ဆောင်နေသည့် KG+12 ကာယပညာသင်ရိုးကို ပေါက်မြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရမည်ဖြစ်သည့်အတွက် အလေးထားကြိုးစားကြစေလိုကြောင်း၊ အရည်အသွေးရှိသည့် ကာယပညာဆရာ ဆရာမများ ပေါ်ထွန်းစေရေး ဖွင့်လှစ်သည့် နည်းပြမွမ်းမံသင်တန်းဖြစ်သည့်အတွက် သက်ဆိုင်ရာ အားကစားနည်းအလိုက် အမှန်တကယ် တတ်ကျွမ်းအသုံးတည့်နိုင်မည့်သူများကို ရွေးချယ်စေလွှတ်ပေးလိုက်သည်ဟု သိရှိရကြောင်း၊ သင်တန်းဖွင့်လှစ်ရာတွင် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ကာယပညာနှင့်အားကစားနည်းပြမွမ်းမံသင်တန်း၏ ဂုဏ်သိက္ခာကို မထိခိုက်စေရန် အထူးမှာကြားလိုကြောင်း၊ သင်ကြားပို့ချပေးသည့် စာတွေ့၊ လက်တွေ့သင်ခန်းစာများကို သေချာစွာဂရုစိုက်ပြီး လေ့လာမှတ်သားထားကြစေလိုကြောင်း၊ သင်တန်းတက်ရောက်စဉ် ကာလအတွင်း မိမိတို့၏ လုံခြုံရေး၊ ကျန်းမာရေးတို့ကို အထူးဂရုစိုက်ကြရန်နှင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်အတွက် အားထားရသည့် နိုင်ငံ့သားကောင်းရတနာများကို မွေးထုတ်ပေးနိုင်ရန် ကြိုးစားကြစေလိုကြောင်း ပြောကြားကာ သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



ယနေ့ကျင်းပသည့် ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်း (၁/၂၀၂၄)ကို ပညာရေးဝန်ကြီးဌာန(အခြေခံပညာဦးစီးဌာန)၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် အားကစားနည်းခုနစ်နည်းဖြင့် သင်တန်းသား သင်တန်းသူ ၃၁၅ ဦး တက်ရောက်ပြီး နည်းပြဆရာ နည်းပြဆရာမ ၃၅ ဦးတို့က ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၁၀ ရက်အထိ လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်းတွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓနုဖြူမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ဓနုဖြူ ဖေဖော်ဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

**အသိပညာပေးဟောပြော**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးမှူး ဦးနောင်နောင်က မြို့နယ်အတွင်း



မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး အသိပညာပေးဟောပြောကာ မီးဘေးလုံခြုံရေး ပညာပေးစာစောင်များအား ဖြန့်ဝေသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနောင်နောင်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် ဆီမီးလောင်မှုအား လက်တွေ့ငြိမ်းသတ် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ကြသည်။

ထိုသို့ သရုပ်ပြဇာတ်တိုက်လေ့ကျင့်နေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

# ပဲခူးမြို့၌ မီးငြိမ်းသတ်ရေးနှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ပဲခူး ဖေဖော်ဝါရီ ၂၉**

သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ပြည်သူများအား လျင်မြန်ထိရောက်စွာ ရှာဖွေကယ်ဆယ်နိုင်ရေး အတွက် ဇာတ်တိုက် လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက ပဲခူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။



သဘာဝ ဘေးအန္တရာယ်များ ဖြစ်သည့် ငလျင်လှုပ်ခတ်ခြင်းကြောင့် မီးလောင်ကျွမ်းခြင်း၊ အဆောက်အအုံ ပြိုကျခြင်း၊ အထပ်မြင့် အဆောက်အအုံမှ ပိတ်မိလူနာများအား ကယ်ဆယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် မီးငြိမ်းသတ်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သောသန္နေမီးသတ် တပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များ၊ အနာဂတ်ကြယ်ပွင့် လူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ သုံးဆင့်လှေကား၊ မီးသတ်ပိုက်များဖြင့် မီးငြိမ်းသတ်ခြင်း၊ အဆင့်မြင့်ကယ်ဆယ်ရေးပစ္စည်းများ အသုံးပြု၍ ကယ်ဆယ်ခြင်း၊ ဒဏ်ရာရလူနာများအား ပေ ၁၀၀ ကြိုး၊ အသက်ကယ်ကြိုး ၁၄ ပေကြိုး၊ Carabine တို့အသုံးပြု၍ လူနာချခြင်း၊ Stretcher ကိုအသုံးပြု၍ လူနာသယ်ဆောင်ခြင်းများကို ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ငလျင်ဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ပဲခူးမြို့နယ်မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင် ၂၀ တို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်မြင်တိုင်မျက်မမြင်သင်တန်းကျောင်းနှင့် ရွှေဂုံတိုင်ကလေးပြုစုရေးဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ကြည့်မြင်တိုင် မျက်မမြင် သင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါကျောင်းတွင် လက်ခံစောင့်ရှောက်ထားသော အသက်(၆)နှစ်မှ (၁၈) နှစ်အတွင်း မျက်မမြင်ကျောင်းသား ကျောင်းသူ ၁၁၁ ဦးကို မျက်မမြင်လက်စမ်းစာ (Braille Letter) ဖြင့် မူလတန်းပညာရေးကို ကျောင်းတွင်း ပညာရေးအဖြစ် သင်ကြားပေးနေမှု၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာရပ်များကို Inclusive Educationဖြင့် ပညာရေးဝန်ကြီးဌာနများမှ ဖွင့်လှစ်ထားသော ကျောင်းများတွင် ဆက်လက်သင်ကြားပေးနေမှု၊ Japan Heart အဖွဲ့နှင့် ပူးပေါင်း၍ တစ်နှစ် သင်တန်းအဖြစ် ဖွင့်လှစ်သင်ကြားပေးသည့် ဂျပန်နည်းစနစ်ဆိုင်ရာ ဆေးပညာ အကြောပြင် အနှိပ်သင်တန်း လက်တွေ့ သင်ကြားပို့ချနေမှု၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၏ အကြောပြင် အနှိပ်သင်တန်း နှစ်နှစ် သင်ကြားပို့ချနေမှု၊ ဆက်တီခုံကြိမ်ထိုးနေမှုနှင့် ပလတ်စတစ်ခြင်း ရက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မျက်မမြင်စစ်တုရင် သင်ကြားနေခြင်းနှင့် Goal Ball အားကစားနည်း လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မျက်မမြင်သင်တန်းသား သင်တန်းသူများအတွက် ခေတ်မီသင်ကြားမှုစနစ်များနှင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုနိုင်ရန်အတွက် လေ့လာပြီး လိုအပ်ချက်များတင်ပြရန်၊ သက်မွေးအတတ်ပညာများကို ယခုထက်ပို၍ အမျိုးအစား ပိုမိုသင်ကြားပေးနိုင်ရေး ဆောင်ရွက်ရန်၊ မျက်မမြင်များကို မြန်မာ့တီးဝိုင်းနှင့် နိုင်ငံတကာတီးဝိုင်းများ သင်ကြားပေးနိုင်ရေးဆောင်ရွက်ရန်၊ ရှေးဟောင်းအဆောက်အအုံအား ရေရှည်တည်တံ့ရေး သက်ဆိုင်ရာဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် မျက်မမြင်အားကစားသမားကောင်းများပေါ်ထွက်နိုင်ရေး မသန်စွမ်းအားကစားအဖွဲ့ချုပ်နှင့် ဆက်သွယ်၍ စနစ်တကျ လေ့ကျင့်ပေးရန်မှာကြားပြီး မျက်မမြင်သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်လမ်းရှိ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ သွားရောက်၍ စောင့်ရှောက်ထားရှိသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကလေးပြုစုရေးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကလေးများကို ပြုစုစောင့်ရှောက်ပေးရာတွင် သက်ဆိုင်ရာ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ အကူအညီများကို ရယူ၍ စနစ်တကျ ပြုစုစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ပြောကြားပြီး ကလေးများနှင့် တွေ့ဆုံအားပေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် Hybrid Format ဖြင့် ဥပဒေရေးရာဝန်ကြီးဌာနရှိမြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ နေပြည်တော်ရှိ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီတို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များသင်းချုပ်မှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကလေးသူငယ်များကို လုပ်ငန်းခွင်၌ ဆောလျင်စွာ အသုံးချပါက ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အရေးများဆုံးရှုံးနိုင်ပြီး တန်ဖိုးရှိသော လူငယ်လူရွယ်ဖြစ်မည်ကို အဟန့်အတားဖြစ်စေမည့်အပြင် ကလေးအလုပ်သမားအသုံးပြုခြင်းသည် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များကို ဆုံးရှုံးစေသောအကြောင်းအရင်းတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ပြင် ကလေးသူငယ်များသည် စီးပွားရေးအရ အလုပ်အကိုင်များကို လုပ်ကိုင်နေရပြီး ထိုလုပ်ကိုင်မှုအပေါ် နည်းမျိုးစုံဖြင့် အမြတ်ထုတ်ခံရခြင်း၊ အချိန်မတိုင်မီ ကျောင်းထွက်ရခြင်း၊ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်ရခြင်းတို့ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုဖြစ်ရပ်များမှ ကာကွယ်စောင့်ရှောက်ရန်အတွက် ကလေးအလုပ်သမားဆိုင်ရာ အခြေခံအသိပညာနှင့် ဗဟုသုတများ ပြန့်ပွားစေရန် အသိပညာပေးခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဥပဒေများပြင်ဆင်ပြဋ္ဌာန်းပေးရန် တင်ပြခြင်း၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဥပဒေရေးရာလုပ်ငန်းကော်မတီက လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်း စီမံချက်ကို ကာလတိုငါးနှစ် လုပ်ငန်းစီမံချက် (၃)ကြိမ်ဖြင့် ကာလရှည် ၁၅ နှစ် လုပ်ငန်းစီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူပြီး တက်ရောက်လာကြသူများက တက်ညီလက်ညီ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဥပဒေရေးရာလုပ်ငန်းကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းကော်မတီ အစည်းအဝေး မှတ်တမ်းကို အတည်ပြုကြပြီး ဥပဒေရေးရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်က ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဒုတိယ ငါးနှစ် လုပ်ငန်းစီမံချက်(၂၀၂၄-၂၀၂၈) ရေးဆွဲထားရှိမှုတို့ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများနှင့် အကြံပြုချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး ဥပဒေရေးရာလုပ်ငန်းကော်မတီအတွင်းရေးမှူးက ဆဋ္ဌမအကြိမ် လုပ်ငန်းကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်ရန် အချက်(၅)ချက်ကို ရှင်းလင်းတင်ပြ၍ အတည်ပြုချက်ရယူကာ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်

**သာစည် ဖေဖော်ဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် ရပ်ကွက်/ကျေးရွာများ၊ စက်ရုံအလုပ်ရုံများ၊ စက်သုံးဆီဆိုင်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ဌာနဆိုင်ရာများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ အထပ်မြင့်အဆောက်အအုံများ၊ စားသောက်ဆိုင်နှင့် ကာရာအိုကေဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မင်းလှကျေးရွာအုပ်စု၌ စစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ဒုတိယမီးသတ်ဦးစီးမှူးဦးစည်သူအောင်နှင့်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးပြီး အိမ်တိုင်းတွင် မီးချိတ်မီးကပ်၊သဲ၊ရေပုံး၊ လှေကားများ ပြည့်စုံစွာထားရှိရန်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကန်ကြီးထောင့်မြို့နယ်၌ ကျင်းပမည့် (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ရင်တွင်းစကားသံများ

ကန်ကြီးထောင့်  ဖေဖော်ဝါရီ  ၂၉

၂၀၂၄ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့အခမ်းအနားကို မြန်မာနိုင်ငံ၏ ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်သည့် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စုတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အဆိုပါအခမ်းအနားနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြအပ်ပါသည်-


ဗိုလ်မှူးကြီးမိုးမင်းနိုင်


ဦးစိန်မောင်မြင့်


ဦးဝင်းမြင့်


ဒေါက်တာမိုးမိုးခိုင်

**ဗိုလ်မှူးကြီးမိုးမင်းနိုင်**
**(လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး)**

ကျွန်တော်တို့ ဒီ (၆၂)မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကွင်းမှာ လာမယ့်မတ်လ ၂ ရက်နေ့ကနေပြီးတော့မှ မတ်လ ၄ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမှာ ဖြစ်ပါတယ်။ ပြခန်းအနေနဲ့တော့ ဒီနှစ်မှာတော့ အားလုံးပြခန်းပေါင်း ၅၁ ခန်း ပြသဖို့စီစဉ်ထားပါတယ်။ ကျွန်တော်မနှစ်က (၆၁)နှစ်မြောက် လုပ်ခဲ့တဲ့အစီအစဉ်အခြေအနေလေးနဲ့ နှိုင်းယှဉ်ပြီးတော့မှပြောပါရစေ မနှစ်က (၆၁)နှစ်မြောက်မှာလည်း ကျွန်တော်တို့ ဒီနေရာမှာပဲ မတ်လ ၂ ရက်နေ့ကနေ မတ်လ ၄ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျွန်တော်တို့ စည်စည်ကားကားနဲ့ ဝန်ကြီးချုပ်ကြီးရဲ့ လမ်းညွှန်ချက်နဲ့ အနှစ်သာရရှိရှိ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီမှာတော့ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ နွေစပါး၊ မိုးစပါး တစ်ဧကကို ဆယ်တင်းနှုန်း ပိုမိုတိုးတက်ထွက်ရှိရေးဆိုတဲ့ ခေါင်းစဉ်နဲ့ တောင်သူတွေရော ကျွန်တော်တို့ ဒီစိုက်ပျိုးရေးတာဝန်ရှိတဲ့လူတွေရော ကျနတဲ့ဌာနဆိုင်ရာတာဝန်ရှိတဲ့လူတွေနဲ့ ဆွေးနွေးပြီးတော့မှ အဖြေရလဒ်တွေ ဖော်ထုတ်ခဲ့တာပေါ့။ အဲဒီဖော်ထုတ်ခဲ့တဲ့ ရလဒ်အရ အခုဒီပြီးခဲ့တဲ့ ၂၀၂၃ - ၂၀၂၄ မိုးစပါးရာသီမှာ ပြီးခဲ့တဲ့ ၂၀၂၂- ၂၀၂၃ မိုးစပါးရာသီရဲ့ အထွက်နှုန်းထက် ဆယ်တင်းနှုန်းပိုတိုးထွက်ရေး ဆောင်ရွက်ခဲ့တဲ့နေရာမှာတော့ အခုတစ်ဧကချင်း ပျမ်းမျှ ၉ ဒသမ ၃၅ တင်း၊ ပျမ်းမျှအားဖြင့်တော့ ကိုးတင်းခွဲနီးပါးလောက်တော့ ပိုတိုးထွက်ခဲ့တာပေါ့။ မနှစ်ကဆွေးနွေးခဲ့တဲ့ တောင်သူလယ်သမားနေ့ အခမ်းအနားရဲ့ ဆွေးနွေးပွဲရဲ့ ရလဒ်ဖြစ်ပါတယ်။ ဒီနှစ်မှာလည်း ကျွန်တော်တို့ (၆၂)မြောက် တောင်သူလယ်သမားနေ့မှာတော့ ဝန်ကြီးချုပ်ကတော့ ကျွန်တာ်တို့ တိုင်းဒေသကြီးမှာရှိတဲ့ အဓိကသီးနှံ ၁၀ မျိုး၊ ကျွန်တော်တို့မှာတော့ ဝါစိုက်ပျိုးမှုမရှိတဲ့အတွက် ကျန်တဲ့သီးနှံတွေ ပန်းတိုင်အထွက်နှုန်းပေါ့ သီးနှံတစ်မျိုးချင်းအလိုက် ပန်းတိုင်အထွက်နှုန်းရောက်ရှိဖို့ စပါးတစ်မျိုးတည်းမဟုတ်ဘဲနဲ့ အခြားပဲ၊ ပြောင်း၊ နှမ်း စသဖြင့် ဒီသီးနှံတွေအားလုံးကို သီးနှံစုံပန်းတိုင်အထွက်နှုန်း ရောက်ရှိရေးဆိုတဲ့ခေါင်းစဉ်နဲ့ အလုပ်ရုံဆွေးနွေးပွဲ၊ စကားဝိုင်းဆွေးနွေးပွဲတွေ ဆောင်ရွက်ပြီးတော့မှ သုံးရက်တိုင်တိုင် တောင်သူတွေနဲ့ ဆွေးနွေးပြီးတော့မှ မနှစ်ကလိုပဲ ဒီဆွေးနွေးပွဲအပေါ်မှာရရှိတဲ့ ရလဒ်တွေကို ဖော်ထုတ်ပြီးတော့ ဒီလာမယ့် ၂၀၂၄ - ၂၀၂၅ ရာသီမှာ သီးနှံစုံပန်းတိုင်အထွက်နှုန်းရောက်ရှိရေး ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးစိန်မောင်မြင့်**
**တိုင်းဒေသကြီးဦးစီးမှူး**
**စိုက်ပျိုးရေးဦးစီးဌာန**

လက်ရှိအနေနဲ့ကတော့ တောင်သူလယ်သမားနေ့ကို ဒီနှစ်ရဲ့ ထူးခြားတဲ့ရာသီဥတု အယ်လ်နီညိုဖြစ်တာရှိတယ်။ အယ်လ်နီညိုဖြစ်တဲ့အခါမှာ ရာသီဥတုကဆိုးရွားတဲ့အတွက်ကြောင့် သီးနှံတွေက ပျက်စီးဆုံးရှုံးနိုင်တဲ့အနေအထားတွေ ရှိနိုင်တယ်။ အဲဒီအတွက်ကြောင့် သီးနှံစိုက်ပျိုးတဲ့အခါမှာ ဟင်းသီးဟင်းရွက်စိုက်မယ်ဆိုရင် ဟင်းသီးဟင်းရွက်ကို တစ်မျိုးတည်းစိုက်တာမဟုတ်ဘဲနဲ့ အခုလက်ရှိအခင်းမှာ ရှိနေတဲ့ဟာမျိုး ခရမ်းစိုက်မယ်၊ နေကြာစိုက်မယ်၊ ရုံးပတီစိုက်မယ် အစရှိတဲ့ ဒီလိုသီးနှံတွေကို ခွဲခွဲစိုက်မယ်ဆိုရင် သီးနှံတစ်မျိုးကရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးရတဲ့အခါမှာ အခြားသောသီးနှံတွေကနေပြီးတော့ တောင်သူတွေအတွက် ဝင်ငွေတွေပြန်လည်ရရှိဖို့ဆိုပြီး ဖော်ထုတ်ထားတာရှိပါတယ်။ အလားတူပဲ ဒီဘက်မှာစိုက်ထားတဲ့ဟာဆိုရင် ပြောင်းရှိမယ်၊ နေကြာရှိမယ်၊ မြေထောက်ပဲရှိမယ်။ ဆီထွက်သီးနှံအနေနဲ့ဆိုရင် နေကြာရယ်၊ မြေပဲရယ်၊ နှမ်းရယ်ရှိမယ်။ အလားတူပဲ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက်ဆိုပြီးတော့မှ ကျွန်တော်တို့ ဒီနှစ်တောင်သူလယ်သမားနေ့ပွဲမှာ တောင်သူတွေကို တိုက်ရိုက်ပြတဲ့အနေနဲ့ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ အခုလက်ရှိ ပန်းတိုင်အထွက်နှုန်း ထွက်နေတဲ့ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ စတဲ့ဒီလိုနေရာလေးကနေပြီးတော့ ပန်းတိုင်အထွက်နှုန်း ရရှိတဲ့ဟာတွေကို တိုက်ရိုက်အနေနဲ့ပြသဖို့ ရည်ရွယ်ထားပါတယ်။ လက်ရှိအနေနဲ့ကတော့ ကျွန်တော်တို့ ဒီစိုက်ခင်းတော်တော်များများ ဟိုဘက်မှာဆိုရင်တော့ ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ခင်း ဒါအကုန်လုံးကို ပြထားတာတွေလည်းရှိပါတယ်။ ပုံမှန်အားဖြင့်ဆိုရင်တော့ ကျွန်တော်တို့က ဆယ့်နှစ်လပိုင်းလောက် ဆယ့်တစ်လပိုင်းအကုန်လောက်မှာစပြီး ပြင်ရမယ့်အနေအထားမှာ ရှိပါတယ်။ သို့သော်လည်းပဲ ဒီဒေသရဲ့ရေမြေရာသီဥတုအရ ပေါ်ဆန်းပဲစိုက်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ဆယ့်နှစ်လပိုင်းကုန်လောက်မှ တောင်သူသီးနှံရိတ်ပြီးမှ ပြန်လည်ပြီးတော့မှ လုပ်ရတာဖြစ်တဲ့အတွက်ကြောင့်မို့ နည်းနည်းလေး ကြိုတင်ပြင်ဆင်ရတာလေးတော့ တော်တော်လေး အချိန်ကိုလုပြီးတော့မှ ကြိုးကြိုးစားစားလုပ်ရတဲ့ အနေအထားရှိပါတယ်။ တောင်သူစကားဝိုင်းမှာ ကျွန်တော်တို့က ပုံမှန်အားဖြင့် ဧရာဝတီတိုင်းထဲမှာရှိတဲ့ သီးနှံတွေမှာ အဓိကသီးနှံတွေမှာ ပန်းတိုင်အထွက်နှုန်း ရရှိဖို့ဆိုတဲ့ဟာကို ရည်ရွယ်ပြီးတော့ စကားဝိုင်းတွေဆွေးနွေးဖို့လည်းရှိပါတယ်။ အလားတူပဲ ပန်းတိုင်အထွက်နှုန်းရရှိနေတဲ့ တောင်သူများကနေပြီးတော့ တိုက်ရိုက်ကွင်းထဲကနေပြီးတော့မှ တောင်သူတွေတကယ်လုပ်နေတယ် တကယ်ထွက်နေတယ်ဆိုတာကို ပြသဖို့ကိုလည်း ဆောင်ရွက်နေပါတယ်။

**ဦးဝင်းမြင့်**
**တိုင်းဒေသကြီးဦးစီးမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

ဧရာဝတီတိုင်းဒေသကြီးမှာ ကျွန်တော်တို့က သီးနှံစုံ ၆၁ မျိုး စိုက်ပါတယ်။ အဲဒီသီးနှံစုံ ၆၁ မျိုးကို ပြောမယ်ဆိုရင်တော့ ကျွန်တော်တို့ ၂၀၂၁ -၂၀၂၂ ခုနှစ်ကပေါ့ ကျွန်တော်တို့ ဧရိယာစုစုပေါင်းဧက ၈၃ သိန်းကျော်ရှိခဲ့ပါတယ်။ အဲဒါကို ၂၀၂၂ - ၂၀၂၃ပြီးခဲ့နှစ်က တောင်သူလယ်သမားနေ့မှာ ဒီအလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပပြီးတော့မှ စိုက်ဧကတိုးချဲ့ရေးဆိုတဲ့ရည်မှန်းချက်နဲ့ ဆောင်ရွက်လိုက်တဲ့အခါကျတော့ တစ်သိန်းလေးသောင်းကျော် ပြီးခဲ့တဲ့နှစ်ကတိုးချဲ့ခဲ့ပါတယ်။ ဒီနှစ်မှာ ထပ်ပြီးတော့ တစ်သိန်းငါးသောင်းတစ်ထောင်နဲ့ လေးဧက တိုးချဲ့ရေးအတွက် ရည်မှန်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဒီတောင်သူလယ်သမားနေ့မှာ ကျွန်တော်တို့က ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့ဌာနကတော့ ရည်မှန်းချက်လည်းဖြစ်တယ်၊ ကျွန်တော်တို့က လယ်ယာကဏ္ဍဆိုင်ရာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု စာရင်းများကို တာဝန်ရှိသူတွေကို ပံ့ပိုးပေးတဲ့ ဌာနဖြစ်ပါတယ်။ ဒီလိုပံ့ပိုးပေးတဲ့နေရာမှာ စိုက်ဧကတွေ မှန်ကန်ဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်နေကြပါတယ်။ ရှိတဲ့ဝန်ထမ်းအင်အားအနေနဲ့ မြေပြင်မှာကွင်းဆင်းပြီးမှ ဆောင်ရွက်တဲ့အခါမှာ ဒီနှစ်အနေနဲ့ကတော့ ကျွန်တော်တို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်အရ စိုက်ဧကတိုးချဲ့ရေး၊ တစ်ဧကအထွက်နှုန်း မိုးစပါး၊ နွေစပါး ဆယ်တင်းနှုန်းတိုးထွက်ရှိရေး။ ဒါ့အပြင် ပန်းတိုင်ရည်မှန်းချက်၊ ပန်းတိုင်သီးနှံ ၁၀ မျိုးကိုလည်းပဲ ပန်းတိုင်ရည်မှန်းချက်သီးနှံတွေ ထွက်ရှိရေးအတွက် ဆောင်ရွက်နေတဲ့အခါမှာ ကျွန်တော်တို့ ဌာနအနေနဲ့ကတော့ စာရင်းဇယားပံ့ပိုးပေးရတာပေါ့။ ဒီလိုပံ့ပိုးတဲ့အခါမှာ ကျွန်တော်တို့ တိုင်းမှာဆိုရင် ဒီလိုတောင်သူလယ်သမားနေ့ပြခန်းမှာ တိုင်းက သုံးပုံ၊ ကျွန်တော်တို့ ဗီနိုင်းပိုစတာကြီးတွေနဲ့ ချိတ်ပြီးပြသပါမယ်။ တောင်သူတွေစိတ်ဝင်စားစွာ လေ့လာနိုင်အောင်လို့ နောက်တစ်ခုက အလုပ်ရုံဆွေးနွေးပွဲမှာ ဒီမြေပုံတွေနဲ့ စာရင်းဇယားတွေနဲ့ကြည့်ပြီးမှ ဘယ်လိုစိုက်ရင် ဘယ်လိုတွေဖြစ်လာတယ်။ ဘယ်လိုသွင်းအားစုတွေ ထည့်ရင် ဘယ်လိုစပ်ရတယ် ဒီဟာလေးတွေကို ပြသမှာဖြစ်ပါတယ်။ ပထမပြမယ့်ပုံကတော့ ကျွန်တော်တို့ ဧရာဝတီတိုင်း တစ်တိုင်းလုံးမှာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု သီးနှံ ၆၁ မျိုးကို ခြုံငုံပြီးတော့မှ ကျွန်တော်တို့ ဒီရာသီအလိုက်စိုက်ပျိုးတဲ့ဟာတွေကို ပြသမှာဖြစ်ပါတယ်။ အဲဒီအတိုင်းပဲပြသလို့ ခရိုင်အဆင့် ခြောက်ခရိုင်လည်းပဲ ကျွန်တော်တို့ ပြသမှာဖြစ်ပါတယ်။ ဒါကြောင့်မလို့ ဒီခန်းမကြီးရဲ့ အနောက်မှာဆိုရင် ကျွန်တော်တို့ တိုင်းပုံတစ်ပုံရယ်၊ ခရိုင်ပုံ ရှစ်ပုံ စုစုပေါင်းကိုးပုံကို ဗီနိုင်းပိုစတာကြီးတွေနဲ့ ချိတ်ပြမှာဖြစ်ပါတယ်။ အဲဒီလို ချိတ်ပြတဲ့နေရာမှာ ဒီသီးနှံအားလုံး အဓိကသီးနှံဖြစ်တဲ့ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံ၊ အစေ့ထုတ်ပြောင်း ဒီအဓိက သီးနှံတွေအားလုံးပါဝင်တဲ့ သီးနှံ ၆၁ မျိုးကို စုပေါင်းပြီးမှ တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးလာတဲ့ဟာလေးတွေကို ပြမှာဖြစ်ပါတယ်။

**ဒေါက်တာမိုးမိုးခိုင်**
**တိုင်းဒေသကြီးဦးစီးမှူး**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ကျွန်မတို့ ဒီတောင်သူလယ်သမားနေ့အတွက် ကျွန်မတို့ဌာနအနေနဲ့ အားဖြည့်ပြီးတော့ မွေးမြူရေးလုပ်ငန်းနဲ့ပတ်သက်ပြီး ဘယ်လိုမျိုး စနစ်တကျမွေးမြူကြတယ်ဆိုတဲ့ အခြေအနေလေးတွေကို ဒီမွေးမြူရေးလုပ်ငန်း စိတ်ဝင်စားတဲ့သူတွေကို ကျွန်မတို့ အသိပညာပေးဖို့အတွက် ပြခန်းတွေ ပြသသွားမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ကျွန်မတို့က ဥစားဘဲ မွေးမြူရေးနဲ့ပတ်သက်ပြီး စနစ်တကျမွေးမြူမှု အခြေအနေတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေဖို့အတွက် အခုကျွန်မတို့ လက်ရှိမှာတော့ ဘဲခြံဆောက်လုပ်နေပါပြီ။ အဲဒီဘဲခြံမှာ ကျွန်မတို့ ဥစားဘဲတွေကို ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ နောက်ကျွန်မတို့ ပြခန်းမှာဆိုရင် ဒေသန္ဒား၊ အသားစားနွား၊ ဆိတ်၊ ဒေသကြက်၊ ပျားမွေးမြူရေးတွေကို ပြသသွားမှာဖြစ်ပါတယ်။ နောက်ပြီးတော့ အာဟာရမြင့်မားတဲ့ တိရစ္ဆာန်အစာပင်တွေ၊ စိုက်ပျိုးရေး အခြေအနေတွေကိုလည်း ကျွန်မတို့ သရုပ်ပြကွက်အငယ်လေး ဖန်တီးပြီးတဲ့အခါမှာ ပြသသွားမှာ ဖြစ်ပါတယ်။ ဒီတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဟာဆိုရင်လည်း တောင်သူတွေအနေနဲ့ လက်ရှိတွဲဖက်ပြီးတော့ ဆောင်ရွက်သင့်တဲ့ စီးပွားရေးလုပ်ငန်း၊ စိုက်ပျိုးရေးနဲ့ တွဲဖက်ပြီးတော့လည်း ဆောင်ရွက်သင့်တဲ့ မွေးမြူရေးလုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ ဒီမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းအားဖြင့် မွေးမြူရေး လုပ်ငန်းကနေရရှိလာတဲ့ တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေကို ရရှိနိုင်မှာဖြစ်သလို ဒီတိရစ္ဆာန်တွေကနေရရှိလာတဲ့ အညစ်အကြေးတွေကိုလည်း ကျွန်မတို့က ဇီဝမြေဩဇာအဖြစ် စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ပြန်လည်အသုံးပြုမယ်ဆိုရင် ဒါအပြန်အလှန်အကျိုးပြုနိုင်တဲ့ လုပ်ငန်းဖြစ်တယ်ဆိုတာကို သိသိသာသာထင်ဟပ်နိုင်စေဖို့အတွက် ကျွန်မတို့က ပြသသွားမှာ ဖြစ်ပါတယ်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**

■

# ကမ္ဘောဒီးယား-လာအို-ဗီယက်နမ် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာရေး ကုန်စည်ပြပွဲ ကျင်းပ

ဗီယင်ကျန်း ဖေဖော်ဝါရီ ၂၉

ကမ္ဘောဒီးယား-လာအို-ဗီယက်နမ် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာရေး ကုန်စည်ပြပွဲကို လာအိုနိုင်ငံ တောင်ပိုင်းအတာပီယူပြည်နယ်၌ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၁ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲကို သုံးနိုင်ငံမှ အနုပညာနှင့် ယဉ်ကျေးမှု ဖျော်ဖြေပွဲများဖြင့် စတင်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့၏ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန်၊ ထုတ်ကုန်များအတွက် ဈေးကွက်ရှာဖွေရန်၊ အခွင့်အလမ်းများ ကျယ်ပြန့်လာစေရန်နှင့် လုပ်ငန်းရှင်များနှင့် ကုန်သွယ်မှု မိတ်ဖက်များ ဖွဲ့စည်းနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ထို့ပြင် အဆိုပါကုန်စည်ပြပွဲသည် သုံးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ယဉ်ကျေးမှု ဖလှယ်ရေး အားကောင်းစေရန် ပေါင်းကူးပေးလျက်ရှိရာ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပြခန်းပေါင်း ၁၁၈ ခန်း ပါဝင်ပြသကြောင်း သိရသည်။

ထုတ်ကုန်အရည်အသွေး မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင် ဒေသခံပြည်သူများ၏ လက်မှုပစ္စည်းများကို ခင်းကျင်းပြသထားသည်။

ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများမှာ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများမှ အများဆုံးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်




# တိုကျိုမြို့ရှိ မြေအောက်ရထားဘူတာရုံတစ်ရုံ၌ အကြားအာရုံချို့တဲ့သည့် ခရီးသည်များအတွက် ဘာသာပြန်နည်းပညာစတင်သုံးစွဲ

တိုကျို ဖေဖော်ဝါရီ ၂၉

တိုကျိုမြို့ရှိ မြေအောက်ရထားဘူတာရုံတစ်ရုံသည် ပြည်ပမှ ခရီးသည်များနှင့် ဝန်ထမ်းများအကြား ပြောဆိုဆက်သွယ်ရာတွင် အဆင်ပြေစေမည့် နည်းပညာတစ်ခုကို အသုံးပြုခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ယင်းဆက်သွယ်ရေး နည်းပညာတွင် တက်ဘလက်ကွန်ပျူတာကို အသုံးပြုထားပြီး ခရီးသည်များ ပြောဆိုလိုက်သည့် စကားလုံးများကို ဘူတာဝန်ထမ်းများအား သက်ဆိုင်ရာ ဘာသာစကားသို့ ချက်ချင်းဘာသာပြန်ဆိုပေးမည်ဖြစ်သည်။ ယင်းနည်းပညာကို အကြားအာရုံချို့တဲ့သည့် ခရီးသည်များအတွက် ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်သည်။

**မေးမြန်းထား**

အဆိုပါဝန်ဆောင်မှုကို Tocho-mae ဘူတာတွင် ယနေ့ စတင်ခဲ့ပြီး ဂျပန်၊ အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ ပြင်သစ်နှင့် စပိန်အပါအဝင် ဘာသာစကား ၁၂ မျိုး ပါဝင်သည်။ ယင်းအစီအစဉ်အရ ပြည်ပမှ ခရီးသည်တစ်ဦးက လက်မှတ်ဝယ်ယူရေးမေးမြန်းရာတွင် ဘူတာဝန်ထမ်းက မည်သည့်နေရာသို့ သွားချင်သည်ကို တက်ဘလက်မှတစ်ဆင့် ချက်ချင်း မေးမြန်းထားသည့် စာသားပေါ်လာသည်ကို တွေ့ရသည်။

ဂျပန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံပြိုင်ပွဲနှင့် ဆွံ့အနားမကြားချန်ပီယံပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင်ကြည့်ရှုမည့် ပြည်ပနိုင်ငံသားများအတွက် ယင်းနည်းပညာကို အခြား ဘူတာရုံများတွင်လည်း အသုံးပြုရန် စီမံဆောင်ရွက်နေသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ



# တရုတ်နိုင်ငံ ယန်ဇီမြစ်ပေါ် မောင်းသူမဲ့တက္ကစီအငှားယာဉ် စတင်ပြေးဆွဲ

ပေကျင်း ဖေဖော်ဝါရီ ၂၉

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေပြည်နယ် ဝူဟန်မြို့ ယန်ဇီမြစ်ပေါ်ရှိ မြစ်ကူးတံတားတွင် ဖြတ်သန်းပြေးဆွဲသည့် မောင်းသူမဲ့ တက္ကစီအငှားယာဉ်ဝန်ဆောင်မှုကို ယမန်နေ့က စတင်ခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရသိရသည်။ ယင်းမောင်းသူမဲ့ တက္ကစီအငှားယာဉ်အား နည်းပညာကုမ္ပဏီ ဘိုင်ဒူ၏ အက်ပလီကေးရှင်းဖြစ်သည့် အပိုလိုဂိုးဖြင့် ထိန်းချုပ်မောင်းနှင်ခြင်း ဖြစ်သည်။

ယမန်နှစ်အတွင်း ဝူဟန်ရှိ မောင်းသူမဲ့ယာဉ်ဖွန့်သည် မောင်းသူမဲ့ တက္ကစီများနှင့် မောင်းသူမဲ့ဘတ်စ်ကားများအပါအဝင် မောင်းသူမဲ့ယာဉ် ၅၀၀ နီးပါးလုပ်ငန်းဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါကာလအတွင်း ဝူဟန်မြို့တွင် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုအမှာစာ ၇၃၂၀၀၀ ကျော်ကိုလက်ခံရရှိခဲ့ပြီး မောင်းသူမဲ့ယာဉ် ခရီးစဉ်ပေါင်း ၉၀၀၀၀၀ ကိုစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားခဲ့သည်။ ယခုအချိန်အထိ တရုတ်နိုင်ငံတွင် မောင်းသူမဲ့ယာဉ်စစ်ဆေးမှု ပုံပိုးပေးသည့် မူဝါဒချမှတ်ထားသည့် မြို့ ၂၀ ကျော်ရှိပြီး လုပ်ငန်းပေါင်း ၆၀ ကျော်သည် မောင်းသူမဲ့ယာဉ် လုပ်ငန်းဆောင်ရွက်ရန်မှတ်ပုံတင်ထားပြီးဖြစ်သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ၂၀၂၄ ခုနှစ် ပထမနှစ်လအတွင်း ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသည်ပေါင်း သုံးသန်းကျော်ရှိ

ဟနွိုင်း ဖေဖော်ဝါရီ ၂၉

၂၀၂၄ ခုနှစ် ပထမနှစ်လအတွင်း ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသည်ပေါင်း သုံးသန်းကျော်ရှိခဲ့ကြောင်း အထွေထွေစာရင်းအင်းရုံးမှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

အဆိုပါအရေအတွက်သည် ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်မီ ၂၀၁၉ ခုနှစ် အလားတူကာလတွင် ရောက်ရှိခဲ့သည့် နိုင်ငံတကာခရီးသည်အရေအတွက်ထက် ၉၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ယခုနှစ် ပထမနှစ်လအတွင်း ဗီယက်နမ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ဝင်ရောက်မှုမှာ ၂ ဒသမ ၆ သန်းနီးပါးရှိခဲ့ပြီး နိုင်ငံတကာခရီးသွားစုစုပေါင်း၏ ၈၄ ဒသမ ၂ ရာခိုင်နှုန်း၊ ကုန်းလမ်းကြောင်းမှ လာရောက်သည့်အရေအတွက် ၁၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် ပင်လယ်ရေကြောင်းမှ လာရောက်သူပေါင်း ၃ ရာခိုင်နှုန်း ရှိခဲ့သည်။

နိုင်ငံတကာခရီးသွားများအနက် အာရှနိုင်ငံများမှလာရောက်သူ ၂ ဒသမ ၃ သန်းကျော်ရှိပြီး ယခင်နှစ်များကထက် ၇၇ ဒသမ ၈ ရာခိုင်နှုန်း တိုးလာသည်ဟု အထွေထွေစာရင်းအင်းရုံးမှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

ခရီးသွားဝန်ဆောင်မှုများမှ ရရှိခဲ့သည့် ဝင်ငွေပမာဏသည် ဗီယက်နမ်ဒေါင် ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၆၅ ဒသမ ၂ သန်း) ရှိပြီး ယခင်နှစ်များကထက် ၃၅ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ကောင်းမွန်စွာပြင်ဆင်ထားသည့် ပြည်ဝင်ခွင့်မူဝါဒများနှင့် ခရီးသွားလာရေးဆိုင်ရာ ကြိုးပမ်းမှုများကြောင့် ယခုကဲ့သို့ နိုင်ငံတကာ ခရီးသွားအများအပြား လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ခရီးသွားလာရေးဆိုင်ရာ ကျွမ်းကျင်သူများ၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် အခြားနိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းထားပြီး ပြည်ပနိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့်မူဝါဒကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်



# အင်ဒိုနီးရှားနိုင်ငံစိုက်ပျိုးရေးဝန်ကြီးဟောင်း ဆာယူယာဆင်လင်ပိုအား အဂတိလိုက်စားမှုဖြင့်တရားစွဲဆို

ဂျကာတာ ဖေဖော်ဝါရီ ၂၉

အင်ဒိုနီးရှားနိုင်ငံစိုက်ပျိုးရေးဝန်ကြီးဟောင်းဆာယူယာဆင်လင်ပိုအား ဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့စဉ်က လာဘ်ငွေ ရူပီးယား ၄၄ ဒသမ ၅ ဘီလီယံလက်ခံရယူမှုဖြင့် ယမန်နေ့က တရားစွဲဆိုခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရသိရသည်။ ယခုဖြစ်စဉ်သည် ၎င်းစိုက်ပျိုးရေးဝန်ကြီးတာဝန်ထမ်းဆောင်စဉ်ကာလ ဖြစ်သည့် ၂၀၂၀ မှ ၂၀၂၃ ခုနှစ်အတွင်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဝန်ကြီးဟောင်းသည် ကိုယ်ကျိုးနှင့် မိသားစုအတွက်သုံးစွဲရန်ငွေကြေးများရရှိစေရေးအတွက် လက်အောက် ရှိဝန်ထမ်းများအား ခြိမ်းခြောက်၍ ရန်ပုံငွေများ ရှာဖွေခိုင်းခဲ့ကြောင်း ဂျကာတာရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာတရားရုံး၏ကြားနာမှုတွင် တရားသူကြီး မက်မောဒီက ပြောကြားသည်။

ထို့ပြင် စိုက်ပျိုးရေးဝန်ကြီးဌာန၏ဘတ်ဂျက်ငွေမှ ၂၀ ရာခိုင်နှုန်းကို ကိုယ်ကျိုးသုံးစွဲရန်ဆောင်ရွက်ခဲ့ကြောင်း မီဒီယာများက ပြောကြားသည်။ လင်ပိုသည် အဆိုပါ အဂတိလိုက်စားမှုများကို စိုက်ပျိုးရေးစက်ပစ္စည်းနှင့် စက်ယန္တရားညွှန်ကြားရေးမှူးဟောင်း Muhammad Hatta နှင့် အတွင်းဝန်ဟောင်း Kasdi Subagyono တို့နှင့် အတူ ပူးပေါင်းကျူးလွန်ခဲ့ခြင်းဖြစ်ကာ ၎င်းတို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် တရားစွဲဆိုထားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

## တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချို့ယွင်းကာ မတော်တဆမှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၂၉

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် မကွေးမြို့ပတ်ဝန်းကျင်တစ်ဝိုက် လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ပွင့်ဖြူမြို့ အနောက်မြောက်ဘက် ရေဘုတ်ကြီးရွာအနီးသို့အရောက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်ခန့်တွင် ရုတ်တရက်စက်ချို့ယွင်းမှုဖြစ်ပေါ်ခဲ့ကာ မြေပြင်ပေါ်သို့ ပြုတ်ကျခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

လေယာဉ်ပျက်ကျမှုဖြစ်စဉ်တွင် လေယာဉ်မှူးအနေဖြင့် အရေးပေါ်ခုန်ထွက်နိုင်ခဲ့မှုကြောင့် ဘေးကင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး စက်ချို့ယွင်းမှုအကြောင်းအရင်းအား စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## AA အကြမ်းဖက်သောင်းကျန်းသူများက စစ်တွေမြို့ မြို့မဈေးအနီးရှိ ဒေသအခေါ်အဝေါ် ကိုရီးယားဆိပ်ကမ်းဈေးအတွင်းသို့ လက်နက်ကြီးများဖြင့် လက်လွတ်စပယ်ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့မဈေးအနီးရှိ ဒေသအခေါ်အဝေါ် ကိုရီးယားဆိပ်ကမ်းဈေးအတွင်း၌ ယနေ့နံနက် ၈ နာရီခွဲခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည့်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက သွားရောက်တွေ့ဆုံ၍ ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများအား စစ်တွေမြို့နယ် ပြည်သူ့ဆေးရုံကြီး(ခုတင်-၅၀၀)သို့ အရေးပေါ်ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။




AA အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် စစ်တွေမြို့ မြို့မဈေးအနီးရှိ ဒေသအခေါ် ကိုရီးယားဆိပ်ကမ်းဈေးအတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသည့် ဖြစ်စဉ်ပြပုံ။

ထို့ပြင် AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဖေဖော်ဝါရီ ၂၈ ရက်တွင်လည်း ပုဏ္ဏားကျွန်းမြို့သို့ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းများနှင့် မြို့နယ်ရဲတပ်ဖွဲ့များအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်တွေတပ်နယ်ဘက်သို့လည်း လက်နက်ကြီးများဖြင့် လက်လွတ်စပယ်ပစ်ခတ်ခဲ့မှုကြောင့် တပ်နယ်အတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံကျေးရွာသားအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာများအတွင်း လက်နက်ကြီးများ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများဖော်ဆောင်ခြင်း၊ ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမုန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဒေသခံပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိကြောင်းနှင့် ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ခြေမြို့နယ်ရှိ ကျေးရွာအချို့ကို လုံခြုံရေးပူးပေါင်းအဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အဖိုးတန်ပစ္စည်းများယူဆောင်ကာ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

မကွေးတိုင်းဒေသကြီး မြစ်ခြေမြို့နယ်ရှိ ဖလံအိုကျေးရွာ၊ ချိုင်ကျေးရွာနှင့် ရေကြည်ကျေးရွာတို့ကို ဖေဖော်ဝါရီ ၂၇ ရက်က လုံခြုံရေးပူးပေါင်းအဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အဖိုးတန်ပစ္စည်းများယူဆောင်ကာ ကျေးရွာများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မြစ်ခြေမြို့နယ်ရှိ ဖလံအိုကျေးရွာ၊ ချိုင်ကျေးရွာနှင့် ရေကြည်ကျေးရွာတို့ကို လုံခြုံရေးပူးပေါင်းအဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အဖိုးတန်ပစ္စည်းများယူဆောင်ကာ ကျေးရွာများကို မီးရှို့ဖျက်ဆီးခဲ့သည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း တပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ကြံရေးသားသည့် သတင်းအမှားများသာဖြစ်ကြောင်း သိရသည်။

မြစ်ခြေမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်လှုပ်ရှားလျက်ရှိပြီး ဒေသခံပြည်သူများကို ငွေကြေးကောက်ခံခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများလုပ်ဆောင်နေကြောင်း အကြမ်းဖက်လုပ်ရပ်များကို လက်ခံခြင်းမရှိသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်က ဖလံအိုကျေးရွာအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းတို့ ဆုတ်ခွာထွက်ပြေးစဉ်တွင် ဖလံအိုကျေးရွာအတွင်း မိုင်းထောင်ဖောက်ခွဲခဲ့ခြင်းကြောင့် နေအိမ်များ မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်ပြီး တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် လုပ်ကြံဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၆ နာရီခွဲတွင် တာမွေမြို့နယ် တာမွေလေးရပ်ကွက် လေးဒေါင့်ကန်လမ်းပေါ်တွင် သတင်းအရ ငြိမ်းချမ်း မောင်းနှင်ပြီး ဇော်လှိုင်ဦး(ခ)အာကာနှင့် နေဇော်ဦးတို့လိုက်ပါလာသော Mitsubishi အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀၀ ကိုလည်းကောင်း။

ထို့ပြင် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု ပတ္တမြားရပ်ကွက် မြအေးချမ်းလမ်းရှိ သက်ရွှေဦး(ခ)ကိုသက်၏ နေအိမ်ကို သတင်းအရရှာဖွေရာ အိပ်ခန်းအတွင်းရှိ အိပ်ရာခေါင်းရင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ညနေ ၆ နာရီ ၁၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် အဝေရာမီးပုံးပျံကွင်းမုခ်ဦးအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ မမာလာဝင်း(ခ)မာလာအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၃-၂၀၂၄ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပဋ္ဌာနသုတ်၊ရတနသုတ် တေဇျဂ်သုတ်၊အဋ္ဌာနကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ကိုယ်လက်လှုပ်ရှားကျန်းမာရေးရာသီမရွေး လေ့ကျင့်ပေး
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၁:၁၅ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ (ဓာတုဗေဒဘာသာရပ်)
- ၁၃:၁၀ MRTV National News
- ၁၃:၃၅ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၁+၂)
- ၁၅:၁၀ လူငယ်ရေးရာအစီအစဉ်
- ၁၅:၃၅ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ (ရူပဗေဒဘာသာရပ်)
- ၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၀၅ Weeekly Sports Info
- ၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ) (ပထမပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'အုံ့ဘွယ်ချစ်ပုံပြင်'** (အပိုင်း-၁၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ တောင်သူလယ်သမားနေ့ဂုဏ်ပြုအစီအစဉ် 'ကျေးလက်ရနံ့' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၃)
- ၂၂:၂၀ မြန်မာဇာတ်လမ်းတွဲ **'ရပ်ကွက်ထဲမှာဒီလိုပဲ'** (အပိုင်း-၁၄)

**mitv**

- 07:01 Evergreen Classic: An Da Yel Kin (Htar)
- 07:09 Life of A Farmer
- 07:38 Let's Taste Delicious Insects: Barbequed Sago Worm Salad and Bamboo Worm Fried Rice
- 08:01 News
- 08:26 Ecotourism: Monywa Tourism Zone
- 08:44 Robe Business in Ta Ma Ta Kaw
- 09:01 Listening Pleasure, Instrumental Music (Don Min) Mya Nanda
- 09:14 Myanmar Betels
- 09:30 Natural Mineral Water
- 09:45 Smart Village in Hopong: Kyauk Tan
- 09:54 International Wheelchair Day
- 10:01 News

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
ရင်ထဲကလက်မှုပညာ (လှည်းဘီး)
**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ
**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
'ဝ'ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ကြက်သားဆန်လှော်ချက်ကြမယ်
**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ဖားဆောင်းမြို့နယ်အတွင်းရှိအဆင့်မြင့် မော်ချီးသတ္တုတွင်း
**စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ငုံးမွေးမြူရေး
**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ (အပိုင်း-၅)
**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ
**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်
**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ရှင်သန်နေသောဘဝများ
**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
သစ်တိုသီးဝက်သားချက်နဲ့မှုစ်ဟင်းရည်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကွက်လပ်ဖြည့်ပါ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM စကားဝိုင်း (MWD)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၅)
- ၁၈:၀၀ Economic Review (အပိုင်း-၃၇)

**MRTV FARMERS' Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၆:၄၀ သုတေသနပြုခြင်းမှသည်ထွက်နှန်းစံပီ မြန်မာ့စပါးကျီ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ ကိုကိုလေကဲမ (ဇာတ်လမ်း)
- ၂၂:၀၀ အဖြူရောင်ရဲ့တိုက် (ဇာတ်လမ်း)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၁၅ Soccer View

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

တောင်သူလယ်သမားနေ့ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာတည်သရွေ့အားထား မြန်မာ့တောင်သူလယ်သမား

ထက်ဝေအောင်(စစ်ကိုင်း)

**မြန်မာနိုင်ငံသည်စိုက်ပျိုးရေးကိုအခြေခံထားသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လယ်ယာသီးနှံအထွက်နှုန်းတိုးတက်ရေး တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရှေးယခင် တောင်သူလယ်သမားများ၏ အခက်အခဲမျိုးစုံ၊ ရပ်တည်ချက်မျိုးစုံဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် သမိုင်းမှတ်တိုင်များသည် ကမ္ဘာတည်သရွေ့ မမေ့နိုင်သည့်အဖြစ်အပျက်များဖြစ်ခဲ့သည်။**



နယ်ချဲ့စနစ်၏ ကုပ်သွေးစုပ် အမြတ်ထုတ်မှုကြောင့် တောင်သူလယ်သမားများဘဝ လူလုံးမလှ ဘိုးဘွားပိုင်လယ်ယာမြေများ နစ်နာဆုံးရှုံးရသည့်အဖြစ်သို့ ဆိုက်ရောက်ခဲ့ရသည်။ နယ်ချဲ့ခေတ်၏အလိုကျ တောင်သူလယ်သမားများသည် မြန်မာနိုင်ငံအထက်ပိုင်းမှ အောက်ပိုင်းသို့ လယ်ယာပြောင်းရွှေ့လုပ်ကိုင်ခဲ့ရသည့်ဖြစ်စဉ်များလည်း ရှိခဲ့သည်။ မြေလွတ်မြေရိုင်းများ ခုတ်ထွင်ရှင်းလင်းပြီး မြေယာသစ်ဖော်ထုတ်လုပ်ကိုင်မှုများရှိခဲ့သော်လည်း စီးပွားရေးအရအရင်းအနှီးမရှိအသိပညာအားနည်းမှုကြောင့် အကျိုးအမြတ်နည်းနည်းဖြင့် ဘဝကိုခက်ခဲစွာ ဖြတ်သန်းကြရသည်။ လယ်ယာမဲ့ဘဝ၊ အလုပ်လက်မဲ့ဘဝဖြင့် နယ်ချဲ့ကို ဆန့်ကျင်သော တောင်သူလယ်သမား အရေးတော်ပုံကြီးတစ်ရပ်ပေါ်ပေါက်စေသည်အထိ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာခဲ့ကြသည်။ ထိုအချိန်မှစ၍တောင်သူလယ်သမားများဘဝအဆင့်အတန်းမြင့်မားရေး အခန်းကဏ္ဍ၏ လိုအပ်ချက်များစွာသည် သမိုင်းမှတစ်ဆင့် မီးမောင်းထိုးပြဖြစ်တည်လာခဲ့ရပေသည်။

**မြန်မာ့လယ်ယာမြေတစ်ခွင်**
**ပွဲ့ကိုင်ရှင်**

မြန်မာ့မြေယာကောင်းတွင် ပါဝင်သည့် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်များသည် စားဝတ်နေရေးဖူလုံအောင် ဖြည့်ဆည်းပေးနိုင်သည်။ လယ်ယာလုပ်ငန်းမှတစ်ဆင့် ဆန်စပါးသည် မြန်မာလူမျိုးများ အဓိကအားထား စားသုံးသည့် နေ့စဉ်ရိက္ခာဖြစ်သည်။ အလားတူ ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုးနှင့် နှမ်း၊ မြေပဲစားသုံးဆီတို့သည်လည်း နေ့စဉ်ရရှိမည့် ဟင်းတစ်ခွက်ဖြစ်စေသည်။ ဝါစိုက်ပျိုးခြင်းကြောင့် အဝတ်အထည် ဖန်တီးထုတ်လုပ်နိုင်သည်။ နေ့စဉ်ဘဝ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်သည့် မြန်မာ့လယ်ယာမြေတစ်ခွင် ပွဲ့ကိုင်ရှင် တောင်သူလယ်သမား ဦးကြီးများ၏ ကာယ၊ ဉာဏ စိုက်ထုတ်အောင်မြင်မှုရလဒ်များဖြစ်ခြင်းကြောင့် ကမ္ဘာတည်သရွေ့ ကျေးဇူးတင်ရှိရမည့် လယ်ယာမြေကို ကိုယ်စားပြုသည့် တောင်သူလယ်သမားဦးကြီးများဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် နေ့စဉ်ဘဝလိုအပ်ချက်များ ပီပြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေး ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ပြီး “စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်” ဟု အတိအလင်းဖော်ပြထားရှိသည်။ ထို့အတူ စီးပွားရေးမူဝါဒများ ခိုင်မာစွာချမှတ်လျက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ထုတ်လုပ်ရေး၊ ကုန်ထုတ်စွမ်းအားများ မြင့်မားလာစေရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေး၊ ဘေးကင်းလုံခြုံ၍ အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများထုတ်လုပ်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ဥပဒေ၊ နည်းဥပဒေအကာအကွယ်များစွာဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး ပံ့ပိုးကူညီပေးလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေကောင်းမွန်ရေး၊ ရေလုံလောက်စွာရရှိရေး၊ နည်းစနစ်တကျ စိုက်ပျိုးရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို စနစ်တကျအကောင်အထည် ဖော်ဆောင်ပြီး လယ်ယာစီးပွားခေတ်ကို ထူထောင်နိုင်ပေသည်။ လယ်ယာစီးပွားလုပ်ငန်းများ ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေး စိုက်ပျိုးထုတ်လုပ်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ဈေးကွက်ဝယ်လိုအား ကောင်းမွန်မှုနှင့် အာဟာရပြည့်ဝသည့် သီးနှံစုံထုတ်လုပ်နိုင်မှုတို့ဖြင့် အချိန်နှင့်တစ်ပြေးညီ အောင်မြင်မှုရရှိရန် ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အားနည်းချက်၊ အားသာချက်များကို အချိန်မီပြုပြင်ရန်၊ စိုက်နည်းစနစ်ကောင်းများကို အားထားရန် လိုအပ်ပြီး ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုအလိုက် ရေမြေဒေသနှင့် ကိုက်ညီသည့် ဒဏ်အခံနိုင်ဆုံး မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးကြရမည်ဖြစ်ပါသည်။

**ခေတ်မီနည်းစနစ်များဖြင့်**
**စနစ်တကျစီမံလျက်ရှိ**

နိုင်ငံတော်အစိုးရက ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင်လည်း တစ်ကေချင်း အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများစိုက်ပျိုးရေး အထူးအလေးထားရန် လမ်းညွှန်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများဖြစ်သည့် ဈေးကွက်သုတေသန၊ စိုက်ပျိုးရေးသုတေသန၊ မွေးမြူရေးသုတေသန၊ စက်မှုသုတေသန၊ နည်းပညာသုတေသန၊ ပညာရေးသုတေသနလုပ်ငန်းများကို အားပေးလျက်ရှိပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် မြေနှင့် ရေအရင်းအမြစ်များကို အကျိုးရှိရှိသုံးစွဲသွားရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျစီမံလျက်ရှိသည်။

တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာလုပ်ငန်းခွင်တွင် စိုက်ပျိုးရေကို ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရေး ဆည်တာတမံကြီးများ၊ မြစ်ရေတင်လုပ်ငန်းကြီးများ ထိန်းသိမ်းမွမ်းမံခြင်း၊ ရေလိုအပ်ချက်နည်းသော သီးနှံများကို ပြောင်းလဲစိုက်ပျိုးခြင်း၊ ရေကိုချွေတာသုံးစွဲနိုင်သည့် ခေတ်မီရေသွင်းကိရိယာများ အသုံးပြုစိုက်ပျိုးခြင်း အစရှိသော ရေအသုံးချမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ၊ သရုပ်ပြပွဲများ ဆောင်ရွက်လျက်ရှိပါသည်။ မိုးရွာသွန်းမှု လျော့နည်းလာသည့်အလျောက် မြစ်များ၊ ချောင်းများ၊ မြောင်းများအတွင်း ရေသိုလှောင်နိုင်ရေးအတွက် ဆည်၊ တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းများ အသုံးပြုခြင်း၊ စိုက်ပျိုးရေကို ထိရောက်စွာအသုံးပြုနိုင်ရေးနှင့် ရေစီမံခန့်ခွဲမှုကို လယ်သမားများကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေမည့် ရေအသုံးချသူများအဖွဲ့ (Water User Group– WUG) နှင့် ရေအသုံးချသူများအသင်း (Water User Association– WUA) များ ဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်။

**ဈေးကွက်ဝင်သီးနှံ၊ စီမံကိန်းသီးနှံ**
**များလည်း စိုက်ပျိုးကြရမည်**

နိုင်ငံတော်၏စီးပွားရေးဦးတည်ချက် (၃)ရပ်တွင် “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး” ဟူ၍ ပါရှိသဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခန်းကဏ္ဍမှ ဘက်စုံဖွံ့ဖြိုးရေးဦးတည်ချက်နှင့်အညီ လယ်ယာလုပ်ငန်းခွင်တွင် စီးပွားရေးအရတွက်ခြေကိုက်သော စပါး၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲမျိုးစုံ၊ ကြံအစရှိသည့် သီးနှံများ ယှဉ်ပြိုင်စိုက်ပျိုးကြသကဲ့သို့ ဈေးကွက်ဝင်သီးနှံ၊ စီမံကိန်းသီးနှံများလည်း စိုက်ပျိုးကြရမည်ဖြစ်သည်။ လယ်ယာကဏ္ဍတွင် နွေစပါး၊ ဆောင်းပဲတီစိမ်း၊ နေကြာ၊ ဝါ သီးနှံများ တိုးချဲ့စိုက်ပျိုးရေး အလေးထားဆောင်ရွက်လျက်ရှိပြီး သီးနှံအလိုက် ဧကတိုးချဲ့ရေးသာမက ဒေသရေမြေအလိုက် သီးထပ်စွမ်းအား မြှင့်တင်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးသည် သီးနှံထုတ်လုပ်မှု လုပ်ငန်းများအတွက် အထွက်နှုန်းနှင့် ဝင်ငွေတွက်ခြေကိုက်မှုကို ဖြစ်စေသည်။ စက်မှုလယ်ယာတစ်ခေတ် ကူးပြောင်းဆောင်ရွက်မှုအနေဖြင့် တောင်သူများနှင့် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ကိုင်သူများကို ပြောင်း၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ ကြံနှင့် အာလူးသီးနှံများကို Fully Mechanized ဖြင့် သရုပ်ပြစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ လယ်ထွန်စက်များကို ထွန်နှင့် ထယ်နှစ်မျိုးသာ အသုံးပြုလျက်ရှိရာမှ မြေပြင်၊ မျိုးစေ့ချ၊ ကြားပေါင်းလိုက်၊ ဆေးဖျန်း၊ ရိတ်သိမ်း အစအဆုံး ထွန်စက်နှင့် နောက်တွဲကိရိယာများ အသုံးပြုခြင်း၊ အသစ်တီထွင်ထုတ်လုပ်သည့် ကောက်စိုက်စက်အသုံးပြုခြင်း သရုပ်ပြပွဲများ၊ သင်တန်းများကို တောင်သူအကျိုးပြုခြင်းငှာ ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၇ သို့ ❖

**“မြန်မာ့မြေယာကောင်းတွင်ပါဝင်သည့် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်များသည် စားဝတ်နေရေးဖူလုံအောင် ဖြည့်ဆည်းပေးနိုင်သည်။ လယ်ယာလုပ်ငန်းမှတစ်ဆင့် ဆန်စပါးသည် မြန်မာလူမျိုးများ အဓိကအားထားစားသုံးသည့် နေ့စဉ်ရိက္ခာဖြစ်သည်။ အလားတူ ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုးနှင့် နှမ်း၊ မြေပဲစားသုံးဆီတို့သည်လည်း နေ့စဉ်ရရှိမည့်ဟင်းတစ်ခွက်ဖြစ်စေသည်။ ဝါစိုက်ပျိုးခြင်းကြောင့် အဝတ်အထည် ဖန်တီးထုတ်လုပ်နိုင်သည်။ နေ့စဉ်ဘဝလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်သည့် မြန်မာ့လယ်ယာမြေတစ်ခွင် ပွဲ့ကိုင်ရှင်တောင်သူလယ်သမားဦးကြီးများ၏ ကာယ၊ ဉာဏ စိုက်ထုတ်အောင်မြင်မှုရလဒ်များဖြစ်ခြင်းကြောင့် ကမ္ဘာတည်သရွေ့ကျေးဇူးတင်ရှိရမည့် လယ်ယာမြေကို ကိုယ်စားပြုသည့် တောင်သူလယ်သမားဦးကြီးများဖြစ်”**

# တောင်ကြီးမြို့၌ ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးစွမ်းရည် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

**တောင်ကြီး ဖေဖော်ဝါရီ ၂၉**

တောင်ကြီးခရိုင် မီးသတ်စခန်း တောင်ကြီး-ဟိုပုံးမြို့ အထွက် နှစ်မိုင်၌ ယနေ့နံနက် ၉ နာရီတွင် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးစွမ်းရည် ဇာတ်တိုက်သရုပ်ပြပွဲကျင်းပသည်။

ရှာဖွေ ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး စွမ်းရည် ဇာတ်တိုက် လေ့ကျင့်သရုပ်ပြပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူတို့အပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ် အမျိုးမျိုးကို အချိန်မဆိုင်းဘဲ ကာကွယ်ဆောင်ရွက်ပေးကြရန်၊ မီးသတ်သမားကောင်း တစ်ဦးတွင် ရှိရမည့် ခိုင်မာတည်ကြည်သော စိတ်ဓာတ်၊ ရဲဝံ့စွန့်စားသော စိတ်ဓာတ်များဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အားကိုးအားထားပြုရသော စွမ်းရည်ပြည့်ဝသည့် မီးသတ်တပ်ဖွဲ့ဝင်ဖြစ်အောင် ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး စွမ်းရည်သရုပ်ပြရာ ယာဉ်မတော်တဆဖြစ်ပွားမှုကို ရှာဖွေကယ်ဆယ်မှုကို သရုပ်ပြသခြင်း၊ Stabilizer ဖြင့် ချုပ်ထားခြင်း၊ ကားရပ်ထားပြီး Hydraulic Rescue Tool များ အသုံးပြု၍ လူနာအားကယ်တင်ခြင်း၊ Lifiting ဖြင့်မ၍ ဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းခြင်း၊ Fire Proximity Suit ဝတ်ဆင်၍ မီးတောက်အတွင်း ဖြတ်လျှောက်သရုပ်ပြသခြင်း၊ Water Mist Gun (ကျောလွယ်)ကို အသုံးပြု၍ ဆီမီးလောင်မှုအား ငြိမ်းသတ်သရုပ်ပြသခြင်း၊ ဆီဘောက်ဆာယာဉ်မှ ဆီတိုင်ကီများထဲသို့ ဆီဖြည့်တင်းစဉ် မီးလောင်မှုအား Ventilator နှင့် 3D Nozzle အသုံးပြု၍ အအေးပေးခြင်း၊ ပိုလန်နိုင်ငံထုတ် Volvo Medium Fire Fighting Vehicle (4 x 4) ယာဉ်ဖြင့် Foam အမြုပ်ဆေးရည် အသုံးပြု၍ ဆီမီးလောင်မှုအား ငြိမ်းသတ် သရုပ်ပြသကြသည်။



ထို့နောက် မီးသတ်သရုပ်ပြတပ်ဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်၍ ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(ပြန်/ဆက်)**



# မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး၏ (၁၀၁)ကြိမ်မြောက် ပိဋကတ်တော် လှူဒါန်းပူဇော်ပွဲ ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး၏ (၁၀၁)ကြိမ်မြောက် ပိဋကတ်တော်လှူဒါန်းပူဇော်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ မင်းကွန်းတိပိဋက နိကာယကျောင်းတော် ရွှေရတုခန်းမ၌ ယနေ့နံနက် ၇ နာရီခွဲတွင် ပြုလုပ်သည်။

အခမ်းအနားတွင် ဩဝါဒါစရိယဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ(မော်ကျွန်း) ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဩဝါဒါစရိယဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တစရိယ(ဘုတလင်) ဆရာတော်ကြီးနှင့် ဩဝါဒါစရိယဆရာတော် တိပိဋကဓရ ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ(မလှိုင်)ဆရာတော်ကြီးတို့ထံမှ ဩဝါဒတရားနာယူခြင်း၊ (၁၀၁)ကြိမ်မြောက် ပိဋကတ်တော်ပူဇော်ပွဲအကြောင်း လျှောက်ထားခြင်း၊ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ခြင်းများ ပြုလုပ်သည်။

ထို့နောက် ပိဋကတ် ထာဝရငွေပဒေသာပင် အလှူရှင်များအား အသင်းကြီးက ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ စာအောင်သံဃာတော် ၄၉ ပါးနှင့် စာအောင်သီလရှင် ဆရာလေး ခြောက်ပါး စုစုပေါင်း ၅၈ ပါး တို့အား ကျမ်းစာ၊ ကျမ်းစာအုပ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို အလှူရှင်များက ဆက်ကပ်လှူဒါန်းပူဇော်ခြင်းနှင့် ဂုဏ်ပြုလွှာပေးအပ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုထက်**

# “ရယ်ရွှင်ပျော်” ဟာသ တစ်ခန်းရပ်ပြဇာတ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဖျော်ဖြေရေးအစီအစဉ်များ တိုးမြှင့်တင်ဆက်မှုတွင် “ရယ်ရွှင်ပျော်” ဟာသတစ်ခန်းရပ်ပြဇာတ်အစီအစဉ်ကို MRTV–HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးမည်ဖြစ်ရာ ယခုတစ်ပတ်တွင် “တစ်ခုပြီးတော့ တစ်ခု”ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်မှုဖြင့် နာမည်ကျော်လူရွှင်တော်များဖြစ်ကြသည့် ဖုးချစ်၊ အောင်ကိုဟိန်း၊ ထက်မြက်အောင်၊ ချမ်းချမ်းမိုး၊ ဝဒီထွန်း၊ လင်းလက်အောင်၊ ဦးဝါဝင်း၊ ပေါက်ကျော်၊ ဖြိုးကျော်နှင့် ဖြိုးကြွယ်တို့ ပါဝင်တင်ဆက်ကြမည်ဖြစ်ရာ MRTV–HD Channel မှ မတ် ၂ ရက်(စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းနှင့် မတ် ၆ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ စာမျက်နှာ ၁၆ မှ

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် တောင်သူများ၏ ဥစ္စာအရင်းအနှီးဖြစ်ပါသည်။ လယ်ယာလုပ်သားရှားပါးမှုပြဿနာ၊ စိုက်ပျိုးမြေလျော့နည်းလာသည့်ပြဿနာများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အတားအဆီးဖြစ်စေသည်။ သို့သော် လယ်ယာစိုက်ပျိုးရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံ အသုံးပြု၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်မှုနှင့်အတူ တောင်သူလယ်သမားကြီးများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာအောင် ကြိုးပမ်းရပါမည်။ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် သီးနှံထုတ်ကုန်များထုတ်လုပ်ရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝအခြေခံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုန်ထုတ်လမ်းများ ကောင်းမွန်ရေး၊ ရေနှင့် မီးလင်းရေးဆိုင်ရာ အခြေအနေကောင်းများ ပိုင်ဆိုင်ရရှိရန် လိုအပ်သည်။ အခြေခံလိုအပ်ချက်များ ပြည့်မီမှသာတောင်သူလယ်သမားများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာပြီး ကိုယ်စိတ်နှစ်ပါး အေးချမ်းစွာဖြင့် ဝမ်းစာဖူလုံရေးလုပ်ငန်းတစ်ခုအသွင်မှ ပြည်ပတင်ပို့နိုင်သည်အထိ ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပြီး နိုင်ငံ့အကျိုး၊ ဒေသအကျိုး ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရ ပြည့်ဝစွာရရှိရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်**

ယနေ့ကမ္ဘာတစ်ဝန်းလုံးတွင် စားနပ်ရိက္ခာဖူလုံရေး၊အာဟာရပြည့်ဝစွာရရှိရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရသည်။ ဆင်းရဲငတ်မွတ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း ထောင်စုနှစ်ရည်မှန်းချက်များ သတ်မှတ်လျက်ရှိပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၁၇)ရပ်ပါအတိုင်း ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးဆောင်ရွက်မှုများ ပါဝင်သဖြင့် ဘေးကင်းလုံခြုံသောသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ Good Agriculture Practices–GAP နှင့် အော်ဂဲနစ်စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများကို လေ့ကျင့်ဖော်ဆောင်ရမည်ဖြစ်ပါသည်။

မျှော်မဆုံးနိုင်သည့် လယ်ကွက်များပေါ်တွင် ကွင်းလုံးပြည့်စပါးခင်းကြီးများဖြင့် မြန်မာ့လယ်ယာခေတ်ကောင်းသို့ ရောက်ရှိရေးမှာ တောင်သူလယ်သမားဦးကြီးများ၏ ဦးဆောင်ပါဝင်မှုသာမက အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်မှသာ အောင်မြင်မှုရရှိနိုင်သည်။ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိရေး၊ နိုင်ငံတကာဈေးကွက်ထိုးဖောက်တင်ပို့နိုင်ရေးကိစ္စများသည် လယ်ယာစီးပွား ဖွံ့ဖြိုးရေးအတွက် အရေးပါသောအချက်အချို့ဖြစ်ပါသည်။ ထို့အတူ စိုက်ပျိုးရေးသုံး ခေတ်မီနည်းပညာများဖြင့် ထုပ်ပိုးခြင်း၊သိုလှောင်ခြင်း၊ တင်ပို့ခြင်း အဆင့်ဆင့်တိုးတက်လာမည်ဆိုပါက အလေအလွင့်နည်းပါးလျက် အကျိုးအမြတ်များလည်း ပိုမိုရရှိစေမည်ဖြစ်ပါသည်။ ထို့အတူပင် လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး မျှော်မှန်းဆောင်ရွက်ခြင်းသည် ဝယ်လိုအားကို ဖိတ်ခေါ်သဖြင့် လူမှုစီးပွားဘဝအနာဂတ် ပိုမိုလှပလာမည့် သင်္ကေတတစ်ခုဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တောင်သူလယ်သမားဦးကြီးများ ဝင်ငွေနှစ်ဆပွားနိုင်မည့် တိုးတက်မှုဖြစ်စဉ်များ၊ ဘေးကင်းလုံခြုံစိတ်ချရသည့် အာဟာရပြည့်ဝသောစားနပ်ရိက္ခာထုတ်လုပ်ခြင်း ဖြစ်စဉ်များ၊ ခိုင်မာသောဈေးကွက် ချိတ်ဆက်တင်ပို့နိုင်မည့် အခွင့်အရေးများစွာဖြင့် ရွှေတံခါးကြီးပွင့်လာမည့် အချိန်ကာလ၊ ကွင်းလုံးပြည့်စိမ်းလန်းခြင်း နည်းပညာများဖြင့် မြန်မာ့တောင်သူလယ်သမားပြည့်ခွန်အားများကို ဂုဏ်ပြုလျက် မတ်လ ၂ ရက်နေ့တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့ အချိန်အခါသမယကို ကြိုဆိုလိုက်ရပါသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၈-၂-၂၀၂၄ ရက်မှအဆက်

စာမောင်နှံကိုကြည့်ကာ ကိုအေးဆွေ၏ရင်ထဲတွင် နင့်လာသည်။ ထို့ကြောင့် စာမောင်နှံကို ထ၍ ခြောက်ပစ်လိုက်သည်။ အိပ်နေရာမှ ထလိုက်သည်ဆိုလျှင်ပင် ပြတင်းပေါက်မှကျော်၍ အဝေးဆီတွင် လှမ်းမျှော်မြင်နေရသော ထန်းမောင်နှံကို လှမ်းတွေ့လိုက်ရသည်။

ဩော်၊ သူတို့မှာမူ ဘဝတူချင်းမို့ အမြစ်ချင်းဆက် အရွက်ချင်းယှက်လျက်နှင့်ပင် နှစ်တွေအလီလီ ပြောင်းလဲလာခဲ့ပေမဲ့လည်း ယခုတိုင် မဖောက်မပြန် တည်တည်ငြိမ်ငြိမ်နှင့် ရှင်သန်လျက်ပါလား။

ထန်းမောင်နှံကို တွေ့လိုက်ရသောအခါ ကိုအေးဆွေသည် ခုတင်ပေါ်မှဆင်းကာ ပြတင်းပေါက်ဝ၌ သွားရပ်ပြီး အဝေးဆီသို့ လှမ်းမျှော်ကြည့်မိပြန်သည်။ ထန်းမောင်နှံမှ ကျော်၍ကြည့်လိုက်သော် အဝေးဆီတွင်မူ တရိပ်ရိပ်ထနေသော မြူမှုန်တွေကြားမှ ပုပ္ပားတောင်ကြီးကို လှမ်းမျှော်မြင်နေရပေသည်။

မြသားရောင်ပေါက်နေသော ပုပ္ပားတောင်ကြီး၏ အရိပ်သည် ကိုအေးဆွေ၏ရင်ကို လှုပ်ရှားစေကာ အလိုလို လွမ်းဆွတ်ကြေကွဲလာစေလေသည်။

ပြီးခဲ့သောရက်များကမူ သူ့အား ဒုတိယအကြိမ် အထင်မှားကာ နာကြည်းခဲ့ရပြန်သည်။ သို့သော် မနေ့ကမူ စာတိုက်မှတစ်ဆင့် သူ့ထံသို့ စာရောက်လာသောအခါတွင်ကား သူ့အတွက် ယူကျုံးမရဖြစ်ရပြန်သည်။ သည်တော့မှလည်း သူ့ဘဝကို နားလည်လာတော့သည်။

"ဋ္ဌေးဟာ ကိုအေးဆွေကို ချစ်ပါတယ်။ ချစ်တာမှာ အသည်းနင့်အောင် ချစ်ပါတယ်။ ခုမှမဟုတ်ပါဘူး ကိုအေးဆွေ။ ဒီတော့ ဒီတော့ ဋ္ဌေးဘဝကိုတော့ ကိုယ်မချစ်တဲ့လူရဲ့ ရင်ခွင်အောက်မှာတော့ မမြှုပ်နှံနိုင်ဘူး ကိုအေးဆွေရေ့"

စာထဲတွင် ရေးလိုက်သည်ဟုဆိုသော်လည်း သူကိုယ်တိုင် လာပြောနေသကဲ့သို့ပင် နားတွင် ကြားယောင်နေလေသည်။

ဩော်၊ သည့်လိုဆိုပြန်တော့လည်း သူ့ဘဝအား ကြင်နာမဆုံး ဖြစ်ရပြန်ချေသည်။

"ဋ္ဌေးကို သတ္တိမရှိဘူး၊ ဘဝကို မစွန့်ရဲဘူးလို့ ပြောချင်လည်းပြောပါတော့။ ဝေးရာသို့ လွင့်ရပါပြီ"

ဒီစာပိုဒ်ကို သတိရလာသောအခါတွင်ကား ကိုအေးဆွေသည် တစ်ခါက ထန်းမောင်နှံအောက်တွင် အမှတ်မထင်ပြောခဲ့ဖူးသော မိမိစကားများကို ပြန်လည်အမှတ်ရလာသည်။

"တကယ်တော့ ကျွန်တော်ဟာ ဋ္ဌေးဋ္ဌေးရဲ့ ချစ်သူတစ်ယောက်သာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ လက်ထပ်နိုင်မယ့် ဘဝကြင်ဖော်တစ်ယောက်တော့ မဖြစ်နိုင်ပါဘူး"

"အင်း၊ ခုတော့ ကိုယ့်စကားဟာ မှန်နေပြီကော လား ဋ္ဌေးဋ္ဌေးရေ"

အဝေးဆီမှ ဘုတ်အီသံသည် ပျင်းရိဖွယ်ရာကောင်းလောက်အောင် ရုတ်တရက်ပေါ်ထွက်လာလေသည်။

နေသည် ညနေစောင်းလာသည့်တိုင်အောင် ပူဆဲပင်ရှိသေးသည်။ တစ်ခါတစ်ရံ လေရူးသည် ပြင်းပြင်းလေးတိုက်ခတ်လာသည်။ လေတိုးသံတို့ကြောင့် ထန်းရွက်ဖျားလေးများသည် တဖျပ်ဖျပ် ရိုက်ခတ်လျက် မြည်နေပေသည်။

စောစောက ကြည်နူးစရာ မြသားရောင်တောက်နေသော ပုပ္ပားတောင်တစ်ခိုဝယ် ယခုတော့မူ မြူမှုန်တို့ကြောင့် မှုန်မှိုင်းညစ်မည်းနေလေသည်။

ဘယ်မျှကြာသွားသည် မသိ၊ ရှိုက်သံသဲ့သဲ့လေး ရုတ်တရက်ကြားလိုက်ရ၍ ကိုအေးဆွေသည် ဆတ်ခနဲ နောက်လှည့်ကြည့်လိုက်သည်။ ထွေးရီကို မျက်ရည်အဝိုင်းသားနှင့် အံ့အားသင့်စရာတွေ့ရသည်။ သူသည် လက်တစ်ဖက်က ကိုအေးဆွေ၏ မီးပူတိုက်ပြီး အင်္ကျီ လုံချည်များကို ပွေ့ပိုက်ရင်း၊ လက်တစ်ဖက်ကမူ စောစောက ကိုအေးဆွေ ချပစ်ထားခဲ့သော စာရွက်ခေါက်ကြီးကို ကိုင်လျက်သား တွေ့ရလေသည်။ သူ့နှုတ်ခမ်းကလေးမှာလည်း တရွရွနှင့် ဖြစ်နေပေသည်။

ထွေးရီသည် ကိုအေးဆွေ လှည့်ကြည့်မှန်းသိလျှင် ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ စူးစိုက်စွာကြည့်နေသော ကိုအေးဆွေနှင့် မျက်လုံးချင်းဆိုင်မိလျက်သား ဖြစ်သွားသည်။ ထိုအခါ သူသည် မျက်လွှာကို လျင်မြန်စွာချပစ်လိုက်သည်။ ထို့နောက်တော့ သူ၏ တရွရွဖြစ်နေသော နှုတ်ခမ်းကလေးများသည် စောစောကထက် ပိုမိုလှုပ်ရှားလာပြီးနောက် ဆို့နစ်သော အသံလေးဖြင့် တစ်လုံးချင်း ထွက်လာတော့သည်။

"ကို ကိုရင်ဟာ မမဋ္ဌေးကို သိပ်ချစ်တာပဲနော်။ အဲ အဲဒီလို ကိုရင်က မမဋ္ဌေးကို ချစ်ရလွန်းတော့ မပင်ပန်းဘူးလားဟင် ကိုရင်"

ထွေးရီသည် အသံအက်အက်လေးဖြင့် ပြောမေးမေးရင်း ကိုအေးဆွေရှိရာသို့ မော့ကြည့်လိုက်သည်။ မျက်လုံးချင်းဆုံမိသည့်အခါ သူ၏မျက်လုံးအိမ်ဝယ် မျက်ရည်များသည် လျှံထွက်မတတ် ပြည့်ဝိုင်းနေပေသည်။

ဤမချိတင်ကဲအမူအရာနှင့် ဆို့နစ်သောအသံလေးကို ကြားရမြင်ရသောအခါ ကိုအေးဆွေမှာ ရင်ထဲတွင် တစ်မျိုးခံစားလာရသည်။

"ဘယ့်နှယ့်ပြောပါလိမ့် ထွေးရီရယ်။ သူ့ကို ချစ်ရလွန်းတော့ ငါ့မှာ ပင်ပန်းရုံမက အသည်းနှလုံးတွေပါ ကြေမွပျက်ပြုန်းကုန်ပြီလို့ထင်တယ်"

"အဲဒီလိုပါပဲ ကိုရင်ရယ်။ ကိုယ်က ချစ်ရသူမှန်သမျှ ပင်ပန်းရုံမက အသည်းနှလုံးတွေဟာ ကြေမွရစမြဲပါ"

ထွေးရီ၏အသံမှာ ပြောရင်း ပြောရင်း တိမ်ဝင်သွားသည်။ အသက်ရှူသံလည်း ပြင်းလာသည်။ ထို့နောက်တော့ မျက်လုံးအိမ်များမှ ပြည့်လျှံနေသော မျက်ရည်များသည် ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးကျလာတော့သည်။

ဤအပြုအမူနှင့် တွေးစရာပါလာသော သူ၏ စကားများကြောင့် ကိုအေးဆွေရင်မှာ တလှိုက်လှိုက် တုန်လာသည်။

တကယ်တော့လည်း ကိုအေးဆွေသည် ထွေးရီကို မချစ်ဘူးမဟုတ်ပေ။ ချစ်ပါ၏။ နှမရင်းချာမရှိ၍လည်း နှမရင်းချာကဲ့သို့ သံယောဇဉ်ငြိကာ ခင်တွယ်ရှာပါ၏။ မိမိတို့အိမ်ထောင်စုတစ်ခုလုံး၏ စိတ်ချမ်းသာမှုကို သူပင်လျှင် ဖြူစင်သော မေတ္တာစေတနာလေးများဖြင့် ပေးနေသည်မို့လည်း ပို၍ပင် သံယောဇဉ် နှောင်ကြိုးတင်းကာ တစ်စစ တွယ်တာမြတ်နိုးလာပါ၏။

သို့စေကြားလည်း ယခင်ကမူ သည်ထက်မပိုခဲ့။

ယခုလည်း သူ၏ မွန်မြတ်သော စေတနာ၊ ဖြူစင်သောမေတ္တာကိုသိရ၍ သူ့အစား ရင်နာရပြန်သည်။ အသည်းဆိုင်တစ်ခုလုံး နာကျင်လာသည့်တိုင်အောင် ဘေးကျပ်နံကျပ်ဖြစ်လာသည်။ သည်တော့လည်း ကိုအေးဆွေသည် သက်မကို ပင်ပန်းကြီးစွာ ရှိုက်ချလိုက်မိသည်။

"ကိုရင်"

ရှိုက်ငင်သံဖြင့် ခေါ်လိုက်သော ထွေးရီ၏အသံလေးကြောင့် တွေ၍ တခြားသို့ငေးကြည့်နေမိသော ကိုအေးဆွေသည် ထွေးရီကို ကြည့်လိုက်သည်။

"ကိုရင်ဟာ မမဋ္ဌေးကို ချစ်ရလွန်းတော့ ကိုရင့်မှာ ပင်ပန်းတယ်။ ပင်ပန်းရုံမက အသည်းနှလုံးတွေပါ ကြေမွပျက်ပြုန်းကုန်ပြီလို့ ကိုရင်ကဆိုတယ်။ အဲ အဲဒီလိုပါပဲ ကိုရင်ရယ်။ ကျ ကျွန်မ ..."

ရှိုက်ငင်သံတွင် ခံစားချက်ပြင်းပြစွာဖြင့် ပြောပြနေသော ထွေးရီသည် ဤနေရာအရောက် ရှေ့ဆက်၍ ပြောမရတော့သလို သူ့စကားမှာ ရုတ်တရက် တိမ်ဝင်သွားလေသည်။ သို့သော် သူ့နှုတ်ခမ်းလေးများမှာမူ နောက်ထပ်ပြောရန် အားယူရင်း တဆတ်ဆတ်တုန်နေရှာသည်။

ထို့နောက်တော့ သူသည် ရုတ်ခြည်းဆိုသလို သူ့လက်ထဲရှိ စာနှင့် အင်္ကျီ၊ လုံချည်များကို ပစ်ချလိုက်ပြီးလျှင် ကိုအေးဆွေရင်ခွင်ထဲသို့ ဖြုန်းခနဲ ပြေးဝင်လိုက်လေသည်။ ထို့နောက် သူ၏မျက်နှာလေးကို ကိုအေးဆွေ၏ရင်ခွင်တွင်းဝယ် သိုဝှက်တိုးဝင်အပ်ထားလိုက်ကာ လက်ကလေးနှစ်ဖက်ကလည်း ကိုအေးဆွေကို တင်းကျပ်စွာဖက်ထားရင်း ဝမ်းနည်းပက်လက်ဖြင့် တအင့်အင့် ရှိုက်ငိုချလိုက်တော့သည်။

သည်တော့မှလည်း ကိုအေးဆွေ၏ရင်ထဲတွင် ဘယ်တော့ကမှမဖြစ်ပေါ်ဖူးသေးသော ကရုဏာ မေတ္တာရေလှိုင်းတို့သည် ဘောင်ဘင်ခတ်မျှ တဖျတ်ဖျတ် ရိုက်ခတ်ရင်း တသွင်သွင်စီးဆင်းလာတော့သည်။

ထိုကြောင့်လည်း ကိုအေးဆွေသည် ထွေးရီ၏ နဖူးမှ ဆံစလေးများကို သူ့ပါးနှင့် ပွတ်သပ်ဖိကပ်ထားရင်းက ပြန်လည်ပွေ့ဖက်ကာ လှိုက်လှဲ၍ တုန်ယင်နေသောအသံဖြင့် နှစ်သိမ့်ပေးရှာနေလေသည်။

"ကဲပါ ထွေးရီရယ်။ ဒီလောက်လည်း ဝမ်းနည်းပန်းနည်းဖြစ်အောင် ငိုမနေစမ်းပါနဲ့ကွယ်။ ထွေးရီ ငိုတာမြင်ရတော့ ငါ့ရင်တွေနာလွန်းလို့ပါဟာ"

"ကိုရင်ကတော့ ရင်နာရုံပါ။ ကျ ကျွန်မမှာတော့ ရင်နာရုံမကတော့ပါဘူး။ အသည်းနှလုံးတွေပါ ကွဲကုန်ပြီလို့ထင်ပါတယ် ကိုရင်ရယ်"

ထွေးရီက ရှိုက်သံနှော၍ပြောရင်း တမြည့်မြည့်နှင့် ခံစားနေရသော သူ့ရင်ထဲမှ ဝေဒနာတို့ကိုပါ တစ်ပါတည်း ဖွင့်ချလိုက်တော့သည်။ ထို့နောက်တွင်မူ သူသည် ပို၍ပင် ရှိုက်ကာရှိုက်ကာဖြင့် တအင့်အင့်နေအောင် ငိုချလိုက်ပြန်ပါတော့သည်။

ထိုစဉ်ဝယ် အဝေးဆီမှ ထန်းလုပ်သား လုလင်ပျိုလုံမပျိုတို့၏ ညနေစောင်း အလုပ်ခွင်မှ သံပြိုင်တေးများသည် ရုတ်တရက်ပျံ့လွင့်လာပြီး ကိုအေးဆွေတို့အခန်းတွင်းသို့တိုင်အောင် ပဲ့တင်ရိုက်ခတ်လာကာ ထွေးရီ၏ တအင့်အင့်ရှိုက်သံလေးကို လွှမ်းမိုးပစ်လိုက်လေသည်။

ထိုခဏတွင်ပင် ခေါင်းနီတောင်တန်းဘက်ဆီမှ တသုတ်သုတ်တိုက်ခတ်လာသော နွေဦး၏ လေပြည်လေညင်းကလေးသည် ထွေးရီဘက်က ကူညီဘိအလား သူ၏ တအင့်အင့်ရှိုက်ငင်သံလေးကို သံပြိုင်တေးများနှင့်ယှဉ်ပြိုင်ကာ ဘုံထန်းတောနယ်မြေတစ်ခုလုံး လွှမ်းမိုးသွားသည့်တိုင်အောင် သယ်ဆောင်သွားတော့သည်တကား။ ။

—— ပြီးပါပြီ ——

"ထွေးရီက ရှိုက်သံနှော၍ပြောရင်း တမြည့်မြည့်နှင့်ခံစားနေရသော သူ့ရင်ထဲမှဝေဒနာတို့ကိုပါ တစ်ပါတည်း ဖွင့်ချလိုက်တော့သည်။ ထို့နောက်တွင်မူ သူသည် ပို၍ပင် ရှိုက်ကာ ရှိုက်ကာဖြင့် တအင့်အင့်နေအောင် ငိုချလိုက်ပြန်ပါတော့သည်။ ထိုခဏတွင်ပင် ခေါင်းနီတောင်တန်းဘက်ဆီမှ တသုတ်သုတ်တိုက်ခတ်လာသော နွေဦး၏ လေပြည်လေညင်းကလေးသည် ထွေးရီဘက်က ကူညီဘိအလား သူ၏ တအင့်အင့်ရှိုက်ငင်သံလေးကို သံပြိုင်တေးများနှင့်ယှဉ်ပြိုင်ကာ ဘုံထန်းတောနယ်မြေတစ်ခုလုံး လွှမ်းမိုးသွားသည့်တိုင်အောင် သယ်ဆောင်သွားတော့သည်တကား။ ။"

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း

ဆက်လက်၍ ကြေးမုံသတင်းစာဖတ်ပရိသတ်များအတွက် စာရေးဆရာနွမ်ဂျာသိုင်း၏ **"တစ်ခါတုန်းကတက္ကသိုလ်မှာ"** ဝတ္ထုရှည်ကို ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

ဤဝတ္ထုတွင် တက္ကသိုလ်နယ်မြေ၏ အလှတရားများ၊ ကိုယ်ကျိုးစွန့်သော၊ အချင်းချင်းလေးစားချစ်ခင် ယုံကြည်တတ်သော၊ အဖျက်တရားနှင့် မှားယွင်းမှုများကို တည်ကြည်စွာ ဆန့်ကျင်ကျော်လွှားတတ်သော စသည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ဂုဏ်ယူဖွယ်ဝိသေသများ ပါဝင်သည်။

ဤဝတ္ထုကိုဖတ်ရှုပြီးနောက် လူငယ်တိုင်း၊ ကျောင်းသား ကျောင်းသူတိုင်း တက္ကသိုလ်ကို မြတ်နိုးချစ်ခင်တတ်ပါစေ၊ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ကြပါစေ၊ ကျွန်တော်တို့ချစ်သော တက္ကသိုလ်အားလုံး အစစ လှပပါစေဟု စာရေးသူက ဆန္ဒပြုထားသည်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၄၈)တွင်တည်ရှိသော ၇-ထပ်(လွှာချင်း) အဆောက်အဦမှ ဒုတိယထပ်(၃-လွှာ) အကျယ်အဝန်း (၂၃ ပေခွဲ x၄၈ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကျင်တီ (၁၂/လမတ(နိုင်)၀၁၇၈၃၃) မှ တရားဝင်ဝယ်ယူ၍ ပိုင်ဆိုင်လျက်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်တားမြစ်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေအောင်**
**(တရားလွှတ်တော်ရှေ့နေ)စဉ်-၉၉၁၇**
**LL.B, D.B.L, D.M.L, D.I.L (W.I.P.O – Switzerland)**
**တိုက်အမှတ်(၂၀)၊ အခန်း(၂၀၁)၊ ပုလဲမွန်အိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၇၉၁၇၂၂၆၀၇၊ ၀၉-၄၄၈၀၂၅၈၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ရေတပ်ဖွံ့ဖြိုးရေးလမ်းမကြီး၊ ကွင်းအမှတ် – ၆၇၅(က)၊ ဗိုလ်ချုပ်တောင်ကွင်း၊ မြေဧရိယာ (အလျား ၇၆ + ၅၄ ပေ x အနံ ၁၉၇ + ၁၉၀)ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်ကြသည့် ၁။ ဦးခင်မောင်ဝင်း (ဘ) ဦးလှမောင် [၁၂/မရက(နိုင်)၀၁၉၄၅၇]၊ ၂။ ဒေါ်ဝင်းဝင်းမေ(ဘ) ဦးထွန်းလှ[၁၂/မရက(နိုင်)၀၁၉၄၅၈] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အိအိခင် (ဘ) ဦးခင်မောင်ညွှန့် [၁၂/တကန(နိုင်)၀၀၁၆၀၅]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း (မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မြင့်မြင့်ခိုင် (LL.B)** | **ဒေါ်အေးသန္တာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် -၁၂၃၆၂/၂၀၁၇)** | **(စဉ် – ၉၇၉၉/၂၀၁၄)** |
| **ဖုန်း-၀၉ – ၄၂၀၂၅၃၇၃၅** | **၀၉ – ၄၂၀၁၉၂၈၂၅** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊**
**အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်-၃၂၁၊ မြေကွက်တည်နေရာ-အမှတ်-၃၂၁၊ ၁၀-လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်တင်တင်အေး [၁၂/ဥကတ(နိုင်)၀၈၅၅၇၁]၊ ဒေါ်တင်တင်အေး[၁၂/ရကန(နိုင်)၀၄၆၂၇၉] နှစ် (၆၀) မြေငှားဂရန်အမည်ပေါက် ဒေါ်တင်တင်အေး၊ ဒေါ်တင်တင်အေး တို့ထံမှ SP ရသူ ဦးကျော်ဆန်း[၁၂/ဒပန(နိုင်)၀၄၀၆၀၀]မှ မြေတိုင်း မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက် (၁) တွင် (၂၀၁၁)ခုနှစ် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးမှတ်ချက်ရှိပြီး ယင်းမြေစာရင်းမှတ်ချက် (၁) ရှိ ၂၀၁၁ ခုနှစ် အရောင်းမြေပုံကူးမူရင်းမှာ စာချုပ်စာတမ်းရုံးတွင် အရောင်းစာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိဘဲ မည်သည့်နေရာတွင်မှ အသုံးပြုခဲ့ခြင်းမရှိဘဲ ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၀၈၃/၂၀၂၃) (၁၃-၁၁-၂၀၂၃)၊ ဂရန်မူရင်း၊ နိုင်ကတ်၊ SP မူရင်းတို့တင်ပြ၍ မြေတိုင်းမြေပုံကူးလျှောက်ထားလာမှု အပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/လမုတန်း၊ မြေကွက်အမှတ်-၁၈၁/ဧရိယာ (၀.၀၂၈)ဧက မြေကွက်တည်နေရာအမှတ်-၁၈၁၊ နဝဒေး(၁)လမ်း၊ လမုတန်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးခင်မောင်သိမ်း (ဂရန်တွင် ဦးခင်မောင်သိန်း) [၁၂/ဒပန(နိုင်)၀၀၆၆၉၅] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်သိမ်း [၁၂/ဒပန(နိုင်) ၀၀၆၆၉၅] (ဖခင်)သည် (၂၆-၂-၂၀၀၄) ရက်နေ့တွင်လည်းကောင်း ဒေါ်အန္တဲ့ (မိခင်)သည် (၅-၅-၂၀၁၆) ရက်နေ့တွင်လည်းကောင်း ကွယ်လွန်ကြောင်း တင်ပြ၍ဦးစောလင်းသိန်း(ခ)မောင်တာမှ တစ်ဦးတည်းသော သားအရင်းဖြစ်ကြောင်း၊ အခြားသော သားသမီးမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသား၊ သမီးများလည်း မွေးစားထားခဲ့ခြင်းမရှိကြောင်း၊ အမွေစားအမွေခံကိတ္တိမသားသမီးမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေစား အမွေခံကိတ္တိမ သားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိကြောင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ နှစ် (၆၀) ဂရန်မူရင်း၊ ဦးခင်မောင်သိန်း၊ ဒေါ်အန္တဲ့တို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင်အသင်း ဖွဲ့စည်းရန် လူရွေးပွဲ ထပ်မံကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင်အသင်း ဖွဲ့စည်းရန် လူရွေးပွဲ ထပ်မံကျင်းပမည်ဖြစ်ပြီး မတ် ၄ ရက်နှင့် ၅ ရက်တွင် ထပ်မံကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းဖွဲ့စည်းရန် ပထမအကြိမ်လူရွေးပွဲကို ဖေဖော်ဝါရီ ဒုတိယပတ်က ကျင်းပခဲ့ပြီး ပြီးခဲ့သည့်နှစ်က ကျင်းပသည့် FIFA-MFF ယူ-၁၅ လိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြကစားခဲ့သည့် ကစားသမားများ၊ အကယ်ဒမီကျောင်းများမှ ကစားသမားများ စုစုပေါင်း ၁၀၀ ကျော် ဝင်ရောက်ရွေးချယ်ခံခဲ့သည်။ ယင်းလူရွေးပွဲတွင် ကျောင်းစာမေးပွဲကြောင့် မပါဝင်နိုင်သည့် ကစားသမားအချို့မှာ ဒုတိယအကြိမ်လူရွေးပွဲတွင် ထပ်မံရွေးချယ်ခံရမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းနည်းပြအဖွဲ့သည် ပထမအကြိမ်လူရွေးပွဲအပြီးတွင် ကစားသမား ၄၀ ရွေးချယ်ခံရပြီး ဒုတိယအကြိမ်လူရွေးပွဲပြီးမှသာ နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမလူစာရင်း အတည်ပြုမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင် အမျိုးသားအသင်းနည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား မီတမီချီတယုကို ခန့်အပ်ထားသည်။

မြန်မာ ယူ-၁၆ အသင်းသည် ယခုနှစ်အတွင်း အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကိုညီလေး

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

## MAEX မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

MYANMAR AGRO EXCHANGE PUBLIC CO., LTD.

### စက်သုံးဆီအရောင်းဆိုင်နေရာ ရောင်းချခြင်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MAEX) သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန) နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်၍ အင်းစိန်မြို့နယ်၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်ရှိ တည်းကုန်းလက်ကားဈေးစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါတည်းကုန်းလက်ကားဈေး စီမံကိန်း နေရာအတွင်း စက်သုံးဆီ အရောင်းဆိုင် ဖွင့်လှစ်ရန်မြေနေရာအား ရောင်းချမည် ဖြစ်ပါ၍ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း ဆောင်ရွက်လိုသူများအနေဖြင့် အိတ်ဖွင့်တင်ဒါပုံစံ တစ်စောင်လျှင် ကျပ် ၁၀,၀၀၀ နှုန်းဖြင့် အောက်ပါ အတိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

စက်သုံးဆီအရောင်းဆိုင် တင်ဒါခေါ်ယူမည့် အချက်အလက်များ

| | | |
|---|---|---|
| ၁။ | မြေနေရာအကျယ်အဝန်း | -၂၈၀၅၇ စတုရန်း ပေ (၀.၆၄၄၈ဧက) |
| ၂။ | ကြမ်းခင်းဈေး | - ငွေကျပ် (၁၆,၀၀၀) သိန်း ( တဧက ငွေကျပ် ၂၅,၀၀၀ သိန်းနှုန်း) |
| ၃။ | တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - ၁.၃.၂၀၂၄ (သောကြာနေ့) |
| ၄။ | တင်ဒါပိတ်မည့်နေ့ရက်နှင့် အချိန် | - ၁၅.၃.၂၀၂၄ (သောကြာနေ့) ၊ ၁၂:၀၀ နာရီ |
| ၅။ | တင်ဒါဖွင့်မည့်နေ့ရက်နှင့် အချိန် | - ၁၅.၃.၂၀၂၄ (သောကြာနေ့) ၊ ၁၄:၀၀ နာရီ |
| ၆။ | တင်ဒါဖွင့်မည့်နေရာ | - ကုမ္ပဏီရုံးခန်း အမှတ် ၂၆၂ - ၂၆၄, ပြည်လမ်း၊ ဒဂုန်စင်တာ (၁)၊ ဘလောက်အေ၊(၅)လွှာ၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ |
| ၇။ | အသေးစိတ်အချက်အလက်များကို သိရှိလိုပါက MAEX ၏ တင်ဒါစိစစ်ရေးအဖွဲ့ 09885522033 သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။ | |

ဒါရိုက်တာအဖွဲ့
မြန်မာအက်ဂရိအိတ်(စ်)ချိန်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MAEX)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁-က/ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ(၁.၀၀)ဧက၊ မြေကွက်အမှတ်(PSHM-8)၊ ဒေါ်ခင်မာလာ၊ (ဘ)ဦးကျင်ပွာ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်မာလာ [၇/ပခန(နိုင်)၁၇၀၆၅၅](ဘ)ဦးကျင်ပွာမှ Y Mountain Company Limited အမည်ဖြင့် မှတ်ပုံတင်မြေနေရာငှားရမ်းခြင်းသဘောတူစာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ အောင်သပြေ အနောက်(၁)လမ်း၊ မြေကွက်အမှတ်(၁၇၂)၊ အကျယ်(၄၀x၆၀)ပေရှိ (၁)ဦးအောင်မြင့်+၁အမည်ပေါက် ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊(၆)ထပ်ထပ်ကန့်ထရိုက်တိုက်မှ ဒုတိယထပ် (ခေါင်းရင်းခြမ်း)အခန်း၊ အကျယ်အဝန်း (၁၈ပေX၅၄ပေ)၊ အမြင့်( )ပေရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား နောက်ဆုံးလက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်ခင်စုမော်ဝင်း [၁၂/သကတ(နိုင်)၁၄၂၅၄၉]မှ ၎င်းပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်မိုးခိုင် [၁၂/ကတန(နိုင်)၀၇၇၆၀၂]မှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းပစ္စည်းတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စများအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ယဉ်မိုးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၈၉၉၈)**
**ဖုန်း-၀၉-၄၄၂၉၁၂၂၉၇**

## (၂၀-၂-၂၀၂၄) ရက်စွဲပါ စရန်ပေးကတိစာချုပ်အား ဖျက်သိမ်းကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ မြေကွက်အမှတ်(၅၅၅/က)နှင့် မြေကွက်အမှတ်(၅၅၅/ခ)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)၊ ဧရိယာ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးရွှေမြင့် [၁၂/ရကန(နိုင်)၀၂၁၉၆၆]နှင့် ဒေါ်ထူးထူးအောင် [၁၂/ဥကတ(နိုင်)၁၃၇၉၀၃] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်သော်လည်း အဆိုပါမြေနှင့်အိမ်သည် မြဝတီဘဏ်လီမိတက်တွင် အပေါင်၊ အာမခံထားရှိသည့် မြေနှင့်အိမ်ဖြစ်နေသည့်အတွက် ဆက်လက်ဝယ်ယူရန် ဆန္ဒမရှိတော့ပါသဖြင့် (၂၀-၂-၂၀၂၄) ရက်စွဲပါ နှစ်ဦးသဘောတူစရန်ပေးကတိစာချုပ်အား ရောင်းသူ/ဝယ်သူနှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး ဖျက်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်ယုဆွေ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၂၂)**
**အမှတ် (၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၃၆၈၄၁၄၄**

## ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်သူဇာနွယ်[၁၂/ကတတ(နိုင်)၀၀၇၂၂၂]၏ နိုင်ငံကူးလက်မှတ်သည် (၁၉-၂-၂၀၂၄)နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျပျောက်ခဲ့ပါသဖြင့် ကောက်ယူရရှိခဲ့ပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။

**ဒေါ်သူဇာနွယ်**
**Ph:09-5131860,09-254136228**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ မဉ္ဇူလမ်း၊ မြေကွက်အမှတ်(၃၆၃) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၅x၅၀)ပေရှိ မြေကွက်မှာ ဒေါ်သီတာအောင် အမည်ပေါက်ဖြင့် နှစ်(၆၀) မြေငှားဂရန်ထွက်ရှိထားသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာဖြစ်သူတို့ အကျိုးတူဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်ခန်းများ အနက်မှ မြေရှင်၏ အကျိုးခံစားခွင့်အဖြစ် ရရှိသော အကျယ်အဝန်း (၁၂x၄၈)ပေ၊ အမြင့်(၁၄)ပေရှိ ခေါင်းရင်းခြမ်း၊ မြေညီထပ်+ထပ်ခိုးအပါ တိုက်ခန်း(၁)ခန်းအား မြေရှင်ဖြစ်သူ ဒေါ်သီတာအောင် [၁၂/ဥကမ(နိုင်)၁၁၄၉၁၂] ကိုင်ဆောင်သူမှ ၎င်းတရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာရာ .ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဝင်း [၁၂/မရက(နိုင်)၀၆၀၁၁၆] မှလည်း ယင်းတိုက်ခန်းအား အပြီးအပိုင် ဝယ်ယူရန်အတွက် သဘောတူညီသဖြင့် အရောင်းတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေရည်ဖူး(LL.B)**
**(အထက်တန်းရှေ့နေ) (စဉ်-၄၉၀၅၀)**
**ဖုန်း-၀၉-၄၃၁၁၀၃၃၄၊ ၀၉-၂၅၃၆၉၅၄၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် (၅၃၄)ဟုခေါ်တွင်သည့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်ဝါဝါသင်းနု (ဘ) ဦးတင်နု အမည်ဖြင့် ချထားပေးသည့် (အလျား၄၀ x အနံ ၆၀)ပေ အကျယ်ရှိ(ပါမစ်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဆွေဆွေခိုင် (ဘ) ဦးသန်းတင့် [၁၂/ဗတထ(နိုင်)၀၂၁၀၄၂]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ရီရီလွင် (ဘ) ဦးတင်ငွေ [၁၂/ရကန(နိုင်)၀၂၃၄၁၆]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း (မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် – ၈၉၄၉/၂၀၁၃)** | **(စဉ် – ၉၇၃၄/၂၀၁၄)** |
| **၀၉ – ၄၂၀၅၃၁၁၀** | **၀၉ – ၄၂၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁)ရပ်ကွက်၊ ဗိုလ်ဘစိုးလမ်း၊ အမှတ်(၃၃၇)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-(၁)၊လူနေရပ်ကွက်(-)၊မြေကွက်အမှတ်-(၃၃၇)၊ဧရိယာ(၄၀ပေ ×၆၀ပေ)ရှိနှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနရှိမြို့မြေစာရင်းမှတ်တမ်းတွင်ဦးစိန်သောင်း(၁၂/ဒဂမ(နိုင်)၀၀၇၉၁၀)နှင့်ဒေါ်သိန်းသိန်းစိုး(၁၂/ဒဂမ(နိုင်)၀၁၃၉၆၇)တို့၏အမည်ဖြင့်ပူးတွဲတည်ရှိပြီးအဆိုပါမြေကွက်ကြီး၏တရားဝင်မခွဲမစိတ်ရသေးသည့်ဧရိယာ မြေကွက်အမှတ်(၃၃၅)ဘက်ခြမ်းရှိ ဧရိယာ(၂၀ပေ×၆၀ပေ)ရှိသော ဦးစိန်သောင်းပိုင်ဆိုင်သည့် မြေကွက်နှင့်အဆောက်အဦအပါအဝင်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အားဦးစိန်သောင်းထံမှ(၁၇-၂-၂၀၂၄)ရက်နေ့စွဲပါ ""အိမ်ခြံမြေအရောင်းအဝယ်စရန်ငွေပေးချေခြင်း နှစ်ဦးသဘောတူကတိစာချုပ်""ဖြင့် ဝယ်ယူထားသူ ဒေါ်သီတာအေး(၇/တငန(နိုင်)၁၀၄၆၆၀)မှရောင်းချပိုင်ခွင့်၊စီမံခန့်ခွဲပိုင်ခွင့်နှင့်အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ဝန်ခံပြောဆို၍ရောင်းချလိုကြောင်းကမ်းလှမ်းခဲ့ရာကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် သဘောတူညီသည့် အတွက်ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို(စရန်ငွေ) အဖြစ်ရောင်းချသူထံပေးချေ ထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါကယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းမူရင်း၊စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့်ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိုပြီးမြောက်သည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုသဲမေ (LL.B, D.B.L)**
တရားလွှတ်တော်ရှေ့နေ
ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ- (စဉ်-၁၂၄၀၇)
ဖုန်း-၀၉-၄၂၁၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆E၊ မြေကွက်အမှတ်-၈၅အေ/၁၊ မြေဧရိယာ-၀.၁၂၆ဧက၊ မြေကွက်တည်နေရာအမှတ်-၁၆စီ၊ အင်းယားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်ခင်စောခိုင်(အေဘီ-၀၄၀၉၇၄) အမည်ပေါက်သည့် မြေပိုင်မြေ(မစိုက်ပျိုးမြေ)မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ်-၁၁၀၃/၂၀၁၈ (၁၁-၄-၂၀၁၈)ဖြင့် ဦးအောင်ပေါ်ဦး၊ ဒေါ်ကြည်ကြည်တင်ကြီးတို့မှ ပိုင်ဆိုင်ပြီး ၎င်းတို့ထံမှအရောင်းအဝယ်မှတ်ပုံ တင်စာချုပ်အမှတ်-၅၃၀၉/၂၀၁၉ (၂၅-၃-၂၀၁၉)ဖြင့် ဦးသိန်းထွန်းမှ ပိုင်ဆိုင်ခဲ့၍ ဖခင်ဖြစ်သူ ဦးသိန်းထွန်းသည် (၁၈-၄-၂၀၂၂)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်နယ်လီသန်းသည် (၁၉-၂-၁၉၉၃)ရက်နေ့တွင်လည်း ကောင်း အသီးသီးကွယ်လွန်ပြီး သားသမီး(၄)ဦးထွန်းကားခဲ့ရာ သားတစ်ဦးဖြစ်သူ ဦးမျိုးဇော်ထွန်းသည်(၂၂-၈-၁၉၉၆)ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသဖြင့် ၎င်း၏တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်အေးမြတ်မွန်ထွန်း[၁၀/ဘလန(နိုင်)၀၉၁၉၄၇]မှ အမွေမမီမြေးနှင့်ကျန်သား/သမီးများဖြစ်ကြသော ဦးသန့်ဇင်ထွန်း[၁၂/ဗဟန(နိုင်)၀၇၈၁၀၅]၊ ဒေါ်မာမာထွန်း[၁၂/ဗဟန(နိုင်)၀၈၃၈၇၆]၊ ဦး ဦးဦးထွန်း[၁၂/ဗဟန(နိုင်)၀၈၅၉၄၅]တို့နှင့်အတူ ပူးတွဲ၍ သားသမီးအဖြစ်လည်းကောင်း၊ အမွေမမီမြေးအဖြစ်လည်းကောင်း၊ အသီးသီးအမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အခြားအမွေစား၊ အမွေခံတစ်ဦးတစ်ယောက်မှ ကျန်ရှိခဲ့ခြင်းမရှိပါကြောင်း လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်-၁/၁၅၇၄/၂၀၂၄(၂၂-၁-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေဆုံးမှုလက်မှတ်(မိတ္တူမှန်)၊ သေစာရင်းသွင်းမိတ္တူမှန်၊ ထိုင်းနိုင်ငံ၏သေဆုံးကြောင်းလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်ပိုင်ဆိုင်စာချုပ်အမှတ်-၅၄/၁၉၈၇(၅-၂-၁၉၈၇) မိတ္တူမှန်၊ အရောင်းစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ဒီ၊ မြေကွက်အမှတ်-၈၄အက်ဖ်/၂.၂က၊ မြေဧရိယာ- ၀. ၀၁၇၆ဧက၊ မြေကွက်တည်နေရာအမှတ်-၁၆စီ၊ အင်းယားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်ခင်စောခိုင်(အေဘီ-၀၄၀၉၇၄)အမည်ပေါက်သည့် မြေပိုင်မြေ(မစိုက်ပျိုးမြေ)မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ်အမှတ်- ၁၁၀၄/၂၀၁၈ (၁၁-၄-၂၀၁၈)ဖြင့် ဦးအောင်ပေါ်ဦး၊ ဒေါ်ကြည်ကြည်တင်ကြီး တို့မှပိုင်ဆိုင်ပြီး ၎င်းတို့ထံမှအရောင်း စာချုပ်အမှတ်-၅၃၀၉/၂၀၁၉(၂၅-၃-၂၀၁၉)ဖြင့် ဦးသိန်းထွန်းမှ ဝယ်ယူပိုင်ဆိုင်၍ ဖခင်ဖြစ်သူ ဦးသိန်းထွန်းသည် (၁၈-၄-၂၀၂၂)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်နယ်လီသန်းသည် (၁၉-၂-၁၉၉၃)ရက်နေ့တွင်လည်း ကောင်းအသီးသီးကွယ်လွန်ခဲ့ပြီး သားသမီး (၄)ဦးထွန်းကားခဲ့ရာ သားတစ်ဦးဖြစ်သူ ဦးမျိုးဇော်ထွန်းသည် (၂၂-၈-၁၉၉၆)ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသဖြင့် ၎င်း၏တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်အေးမြတ်မွန်ထွန်း[၁၀/ဘလန(နိုင်)၀၉၁၉၄၇]နှင့်ကျန်သား၊ သမီးများဖြစ်ကြသော ဦးသန့်ဇင်ထွန်း[၁၂/ဗဟန(နိုင်)၀၇၈၁၀၅]၊ ဒေါ်မာမာထွန်း[၁၂/ဗဟန(နိုင်)၀၈၃၈၇၆]၊ ဦး ဦးဦးထွန်း[၁၂/ဗဟန(နိုင်)၀၈၅၉၄၅]တို့နှင့် အတူပူးတွဲ၍ သား၊ သမီး၊ မြေးအဖြစ် အသီးသီးအမွေဆက်ခံပိုင်ဆိုင်ပါကြောင်း အခြားအမွေစား၊ အမွေခံတစ်ဦးတစ်ယောက်မျှကျန်ရှိခဲ့ခြင်း မရှိပါကြောင်းကို လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်-၁/၁၅၇၁/၂၀၂၄ (၂၂- ၁-၂၀၂၄)၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေဆုံးမှုလက်မှတ်(မိတ္တူမှန်)၊ သေစာရင်းသွင်းမိတ္တူမှန်၊ ထိုင်းနိုင်ငံ၏သေဆုံးကြောင်းလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်ပိုင်ဆိုင်စာချုပ်အမှတ်-၅၄/၁၉၈၇(၅- ၂- ၁၉၈၇) မိတ္တူမှန်၊ အရောင်းစာချုပ်၊ ခွဲစိတ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ Grade-9(B)မှ မစန်းစန်းဝင်း၏ မိဘ အမည်မှန်မှာ ဦးမောင်မောင်မြတ် [၅/ဘတလ(နိုင်)၁၃၁၉၁၁]နှင့် ဒေါ်သစ်သစ်[၅/ဘတလ(နိုင်)၀၂၇၅၈၂]ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၂)၊ မြေကွက်အမှတ်(၃၆)၊ ဧရိယာ(၀.၁၀၂)ဧက၊ မြေကွက်တည်နေရာ-အဆင့်မြင့်အိမ်ရာစီမံကိန်း အဆင့်(၆)၊ ကမာရွတ်မြို့နယ်၊ National Land (Y.G.N)Co.Ltd အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မြေအား ၂၀၁၁ ခုနှစ်တွင် ဦးဝင်းမြင့်မှ ဘဏ်ချေးမြေပုံကူး လျှောက်ထားခဲ့ရာ ၎င်းဘဏ်ချေးမြေပုံသည် အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့ပြီး အဆိုပါဘဏ်ချေးမြေပုံအား အသုံးပြုခဲ့ခြင်း လုံးဝမရှိခဲ့ပါကြောင်း၊ အထက်ပါပစ္စည်းစာရင်းနှင့်ပတ်သက်ပြီး ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာခဲ့ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်-၂/ ၁၆ ၇/၂၀၂၄ (၅-၂-၂၀၂၄)၊ ကုမ္ပဏီ၏(၄-၉-၂၀၂၃) ရက်စွဲပါ အစည်းအဝေးမှတ်တမ်း၊ သင်းဖွဲ့မှတ်တမ်း၊ ကိုယ်စားလှယ်လွှဲစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တင်ပြ၍ National Land (Y.G.N) Co.Ltd ၏ ကိုယ်စားလှယ် ဒေါ်ယုဇနဝင်း [၁၂/ကတတ(နိုင်)၀၂၉၀၄၃)မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## သက်ဆိုင်သူများနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ (၄၅)လမ်း(အောက်)၊ အမှတ်-၁၅/၁၇(၄-လွှာ)တွင် ယခင်နေထိုင်ခဲ့သော (အဖ)ဦးမိုဟာမက်အရှရပ် သားဖြစ်သူ ကျွန်ုပ်မိတ်ဆွေ ယခု(ထိုင်းနိုင်ငံတွင် ခေတ္တနေထိုင်လျက်ရှိသော) ဦးဇင်မျိုးထွဋ်[၁၂/မဂတ(နိုင်)၀၉၂၁၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ "အမှတ်-၁၅/၁၇၊ (၄-လွှာ/ယာ)၊ (၄၅)လမ်း(အောက်)၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး" ဟု လိပ်စာခေါ်တွင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို ကျွန်ုပ်မိတ်ဆွေ၏ မိခင်ဖြစ်သူ ဒေါ်ဆာဘီရာဘီဘီ သက်ရှိထင်ရှားရှိစဉ်က ကျွန်ုပ်မိတ်ဆွေအား မေတ္တာဖြင့် အပြီးအပိုင်လက်ရောက်လွှဲပြောင်းကာ ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့် စီမံခန့်ခွဲခြင်းအစရှိသည့် ကိစ္စရပ်များကို မည်သူတစ်ဦးတစ်ယောက်ကမျှ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ မသိရှိဘဲ ထိုသို့ပြုမူ ဆောင်ရွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မင်းဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၇၆/၂၀၂၁)**
**အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၈၆၆၄၀၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် ၊ (၅)ရပ်ကွက်၊ ရတနာမွန်(၃)လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၁၆-A)၊ အခန်း(၃၀၁)၏ အမည်ပေါက် ဦးဝင်းကိုကို[၁/တနန(နိုင်)၀၀၅၆၀၀]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးမင်းဇော်ဦး[၁၂/မရက(နိုင်)၁၂၈၀၆၀]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်လမ်းကျယ်၊ အမှတ်(၁၃၄)မြေကွက်ပေါ်ရှိ (၃)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်၊ (A-3) ၄-လွှာ၊ အကျယ်အဝန်း(၁၂x၅၄)ပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုချိုစန်း[၁၀/သဖရ(နိုင်)၁၅၃၁၂၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးအောင်မျိုးထွန်း[၁၂/သကတ(နိုင်)၁၆၀၅၅၈]၊ ဒေါ်သီတာ[၁၂/သကတ(နိုင်)၁၄၅၀၁၆]တို့က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၇၁၁၄၈**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၁၈)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၆-လွှာ(တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း (၁၅ပေx ၆၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လက်ရှိ လက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်မေဦး [၁၂/ကတတ(နိုင်)၀၂၂၁၆၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မိုးစန္ဒာဦး[၁၂/ဒဂတ(နိုင်)၀၀၉၈၂၄]က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးအောင်(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၈၄၃၁)**
**အမှတ်(၆၅)၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း(အရှေ့)တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၇၉၅၁၅၂၈၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ဒီ၊ မြေကွက်အမှတ်-၈၄အက်ဖ်/၂.၂ဂ(လမ်း)၊ မြေဧရိယာ- ၀. ၀၁၉၈ဧက၊ မြေကွက်တည်နေရာအမှတ်-၁၆စီ၊ အင်းယားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်ခင်စောခိုင်(အေဘီ-၀၄၀၉၇၄) အမည်ပေါက်သည့် မြေပိုင်မြေ(မစိုက်ပျိုးမြေ)မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ်အမှတ်- ၁၁၀၄/၂၀၁၈ (၁၁-၄-၂၀၁၈)ဖြင့် ဦးအောင်ပေါ်ဦး၊ ဒေါ်ကြည်ကြည်တင်ကြီး တို့မှပိုင်ဆိုင်ပြီး ၎င်းတို့ထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၅၃၀၉/၂၀၁၉(၂၅-၃-၂၀၁၉)ဖြင့် ဦးသိန်းထွန်းမှ ပိုင်ဆိုင်ခဲ့၍ ဖခင်ဖြစ်သူ ဦးသိန်းထွန်းသည်(၁၈-၄-၂၀၂၂)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်နယ်လီသန်းသည်(၁၉-၂-၁၉၉၃)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ပြီး သားသမီး (၄)ဦးထွန်းကားခဲ့ရာ သားတစ်ဦးဖြစ်သူ ဦးမျိုးဇော်ထွန်းသည်(၂၂-၈-၁၉၉၆)ခုနှစ်တွင်ကွယ်လွန်ခဲ့ပါသဖြင့် ၎င်း၏တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်အေးမြတ်မွန်ထွန်း[၁၀/ဘလန(နိုင်)၀၉၁၉၄၇] အမွေမမီမြေးနှင့်ကျန်သားသမီးများဖြစ်ကြသော ဦးသန့်ဇင်ထွန်း [၁၂/ဗဟန(နိုင်)၀၇၈၁၀၅]၊ ဒေါ်မာမာထွန်း[၁၂/ဗဟန(နိုင်)၀၈၃၈၇၆]၊ ဦး ဦးဦးထွန်း[၁၂/ဗဟန(နိုင်) ၀၈၅၉၄၅] တို့နှင့်အတူပူးတွဲ၍ သားသမီးအဖြစ်လည်းကောင်း၊ အမွေမမီမြေးအဖြစ်လည်းကောင်း၊ အသီးသီးအမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အခြားအမွေစား၊ အမွေခံတစ်ဦးတစ်ယောက်မှ ကျန်ရှိခဲ့ခြင်းမရှိပါကြောင်း လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်-၁/၁၅၇၁/၂၀၂၄(၂၂-၁-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေဆုံးမှု လက်မှတ်(မိတ္တူမှန်)၊ သေစာရင်းသွင်းမိတ္တူမှန်၊ ထိုင်းနိုင်ငံတွင်သေဆုံးကြောင်းလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်ပိုင်ဆိုင်စာချုပ်အမှတ်-၅၄/၁၉၈၇(၅-၂-၁၉၈၇)မိတ္တူမှန်၊ အရောင်းစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ခင်လေးနွယ် [၇/ပခန(နိုင်)၁၇၃၂၆၁]၊ ဦးသူရိန်ရဲထွဋ်ဇော်[၇/ပခန(နိုင်)၃၁၄၈၄၉]အမှတ်(၂၇၇)၊ ဗန္ဓုလလမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီးတွင် နေထိုင်သူများ၏လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေများက ဦးအောင်ကျော်ဆန်း(ဘ)ဦးလှကြည် [၁၂/ဥကမ(နိုင်)၁၇၇၆၃၃]ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ(၇)လမ်း၊ အမှတ်(၂၁၀)၊ မြေညီထပ်(ခြေရင်းခန်း) ဟုခေါ်တွင်သော (အလျား၁၇'xအနံ၅၄'xအမြင့်၁၁ ½')ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန်အတွက် စရန်ငွေအ ချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်လိုသူရှိပါက ဤအကြောင်းကြားစာပါပြီး (၁၄)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေများထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်လေးနွယ် နှင့် ဦးသူရိန်ရဲထွဋ်ဇော်တို့၏**
**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးထက်နေဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၇၁/၂၅-၁၀-၁၂)**
**၁/၅၄၊ မင်းရဲကျော်စွာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။**
**Ph:09-262594135**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက်(A3-1)၊ အခန်း(၉၀၁-A)၏ အမည်ပေါက် ဦးမောင်မောင်(ခ)ဦးသိန်းဝင်း [၁၂/အလန(နိုင်)၀၁၅၃၂၅]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးအောင်မြင့်ဦး[၁၂/ပဘတ(နိုင်)၀၂၂၇၉၃]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက် လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(င)၊ မြေကွက်အမှတ်(၄၂၅)၊ (၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၄၂၅)၊ နွယ်နီ(၁၁)လမ်း၊ (င)ရပ်ကွက်၊ ဦးမောင်မြ(AD-၀၀၆၅၈၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးမောင်မြထံမှ (၆-၆-၂၀၁၁)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ဇာကြည်လွင်+စောအာဖြာဟန်တို့မှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၅၂/၂၀၂၃ ဖြင့် ဦးမောင်မြအပေါ် ပဋိညာဉ်အတိုင်း မြေနှင့်အဆောက်အအုံအရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ (၁၈-၁၀-၂၀၂၃)ရက်နေ့က အထက်ဖော်ပြပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး၊ ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်-၅၄/၂၀၂၃/ ၃၀-၁၁-၂၀၂၃ ရက်စွဲပါအမိန့်အရ တရားရုံးကိုယ်စား ဘီလစ်စာရေးကြီး ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]မှ ဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
